မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ် ၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၅၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စတင်ကျင်းပသည်။

တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အဖွဲ့ဝင်ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေး လုပ်ငန်းကော်မတီ (၁/၂၀၀၉) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေး ရှစ်လမ်းသွား ကွန်ကရစ်အမြန်လမ်းမကြီး ဖောက်လုပ်လျက်ရှိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အားလုံးပါဝင်အောင် စီမံဆောင်ရွက်နေ

ကျေးရွာချင်း ဆက်သွယ်သွားလာနိုင်ရန် အဆိုပါလမ်းတွင် Under Pass များစီစဉ်ထား သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်နိုင်သော ယာဉ်များကိုသာ ဖြတ်သန်းသွားလာခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ယမန်နေ့ ညနေ ၄ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေးလုပ်ငန်းကော်မတီ(၁/၂၀၀၉) အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

မြို့ချောင်း-သာဂရလမ်းပိုင်း မိုင်တိုင် ၉၆/၀ ၌ တစ်ကြောင်းထိုးလုပ်ငန်း ဆောင်ရွက်ထားစဉ်။

(သတင်းစဉ်)

မြို့ချောင်း-သာဂရလမ်းပိုင်း မိုင်တိုင် ၉၆/၀ ၌ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မတ် ၁ ရက်)

မီးဘေးအန္တရာယ်ကင်းဝေးရေး အစဉ်ဂရုပြု ကြိုတင်ကာကွယ်မှုဖြင့် တားဆီးကာကွယ်

နွေရာသီကာလဖြစ်သော ယခုအချိန်ကာလတွင် မီးလောင်ကျွမ်းမှုများ ပိုမိုဖြစ်ပွားတတ်ရာ မီးဘေးအန္တရာယ်သတိပြုရေးသည် အရေးကြီးလှသည်။

"မီးကိုကြိုတင်ကာကွယ်မှုဖြင့်အနိုင်ယူပါ" ဆိုသည့် မီးဘေးအန္တရာယ် သတိပေးဆောင်ပုဒ်အရ တိုင်းရင်းသားပြည်သူများသည် မီးသုံးစွဲမှုကို စနစ်တကျသုံးစွဲပြီး ပေါ့ဆခြင်း၊ သတိလက်လွတ်ဖြစ်ခြင်း၊ မေ့လျော့ခြင်းမဖြစ်ရန် ဂရုတစိုက် သုံးစွဲကြရမည်ဖြစ်သည်။

'မီး' သည် သုံးစွဲတတ်လျှင် မိတ်ဆွေဖြစ်ပြီး မသုံးတတ်လျှင် ရန်သူဖြစ်သည်။ မီးသည် လူသားတို့အတွက် အလင်းဓာတ်နှင့် အနွေးဓာတ်ကို ပေးရုံသာမက ချက်ပြုတ်စားသောက်ရန် အထောက်အပံ့ပြုသည်။

'မီး' ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းမှုများ အများဆုံးဖြစ်ပေါ်ခဲ့ရသည်။ မီးလောင်ခဲ့ရသော အကြောင်းရင်း အမျိုးမျိုးတွင် မီးဖိုမီးမှ လောင်ကျွမ်းခြင်း၊ အလိုအလျောက်လောင်ကျွမ်းခြင်း၊ လျှပ်စစ်ကြောင့် လောင်ကျွမ်းခြင်းတို့ရှိရာ ပေါ့ဆမှုကြောင့်လောင်ကျွမ်းခြင်းသည် အများဆုံးဖြစ်ပေါ်ခဲ့သည်။

အထူးသဖြင့် နေအိမ်များ၌ မီးဖိုမီးကြွင်းမီးကျန်များကတစ်ဆင့် မီးလောင်မှုဖြစ်ပွားတတ်သဖြင့် မီးသုံးစွဲလျှင် မမေ့မလျော့ဘဲ မီးငြိမ်းသတ်ရမည်ကို အစဉ်သတိပြုသင့်ပေသည်။

မီးလောင်လွယ်သောပစ္စည်းများအနီး၌ ဖယောင်းတိုင်ထွန်းခြင်း၊ ခြင်ဆေးခွေထွန်းခြင်းများကို မေ့မေ့လျော့လျော့ မထားမိရန် သတိပြုကြရမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး၌ ၂၀၀၈ခုနှစ်အတွင်း မီးလောင်မှု ၇၁၉ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေအဆောက်အအုံ ၆၂၃၄လုံး၊ စက်ရုံ၊ အလုပ်ရုံ၁၅လုံး၊ ဂိုဒေါင်၃၃လုံး ဆုံးရှုံးခဲ့ရသည်။ မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ၊ နှစ်ကာလကြာစွာ စုဆောင်းခဲ့ရသော ပစ္စည်းဥစ္စာ ရတနာများ၊ ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။

မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်သတိပေးချက်များ၊ စစ်ဆေးမှုများ ပြုလုပ်လျက်ရှိပြီး မီးလောင်မှုဖြစ်ပွားပါက အချိန်တိုအတွင်း ငြိမ်းသတ်နိုင်ရန် လေ့ကျင့်မှုများ အစဉ်မပြတ်တမ်း ပြုလုပ်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ အပိုင်းကလည်း မီးကိုဂရုတစိုက် သုံးစွဲသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ မြို့ရွာတစ်ခွင် အေးချမ်းသာယာစေရေးအတွက် တိုင်းရင်းသားပြည်သူများသည် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ပုဒ်နှင့် သတိပေးချက်များကို အလေးဂရုမူပြီး မီးဘေးအန္တရာယ်ကို အစဉ်သတိပြု ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၃-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**မမေ့အပ်တဲ့လေးဌာန တရားတော်** (အပိုင်း-၂) (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၈:၀၀-၂:၀၀	Sunday Talk [ခင်မောင်ညို (ဘောဂဗေဒ)၊ ကိုကို (စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၈:၅၀-၂:၅၀	Soccer Update
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	ရိုးရာလိုင်း၊ မော်ဒန်အရောင်နဲ့ အတောင်ပေါက်ပျံသန်းသူ
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များ
၁၀:၀၀-၄:၀၀	မိုးလေဝသခန့်မှန်းချက်
၁၀:၀၅-၄:၀၅	ဟန်ကျတဲ့ စံပြစိုက်ပျိုးရေး အထူးဇုန်
၁၀:၂၅-၄:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅-၄:၃၅	လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၀:၄၀-၄:၄၀	Activities in the City (ဂျက်မြသောင်း၏ Live Show စာနယ်ဇင်းအသိပေးပွဲ)
၁၁:၀၀-၅:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၀၅-၅:၀၅	ကမ္ဘာ့အားကစားဇာတ်ခုံ (ဦးဖေသိန်း၊ နေအောင် သန့်)
၁၁:၂၅-၅:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀-၅:၃၀	အနာကြီးရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာကျော်ကျော်)
၁၁:၅၅-၅:၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂)၊ (သောတာရုံအမှတ်တညာ ပြက်ပြက်ထင်ထင်စတင်ခြင်း)
၁၂:၂၀-၆:၂၀	International Video Topics (ဆန်းကြယ်မှုများနှင့် BERMUDA တြိဂံဒေသ)
၁၂:၅၀-၆:၅၀	သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုးအောင် စိုက်ကြစို့)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	West Ham-Man City	ESPN (Live)
၇:၂၅	Bolton-Newcastle	Star Sports (Live)
၉:၂၅	Aston Villa-Stoke City	ESPN (Live)
၉:၃၀	Hull City - Blackburn	Star Sports (SDD)

Series A ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၀၀	Inter - Roma	5-Cartoon (Live)

မြဝတီရုပ်မြင်သံကြား

၁-၃-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀	၁။	မြဝတီအဖွင့်
၁၁:၀၅	၂။	အဖွင့်သီချင်း
၁၁:၁၀	၃။	မျိုးချစ်တပ်မတော်
၁၁:၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှသတ္တဝါများ** (အပိုင်း-၂)
၁၂:၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် အမှန်းစက်ဝန်း
၁၃:၃၀	၆။	ကျန်းမာသုတ
၁၃:၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၂၆)

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	မျိုးချစ်တပ်မတော်
၄:၂၀	၄။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ(ဇီဝဗေဒ)
၄:၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄:၅၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၁။	ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
၆:၄၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၈)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုတ်မုန့်ချစ်သူ** (အပိုင်း-၁)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရန်ကုန်-ပုဂံနှင့် ကျောက်ပန်းတောင်းကြား ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဖေဖော်ဝါရီ ၂၄ရက်က ပုဂံဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာ၍ ရထားလမ်းကြောင်းတစ်လျှောက် ကွန်ကရစ်ဇလီဖားတုံးများ စုဆောင်းမှု၊ လဲလှယ်ပြီးစီးမှု၊ ကျောက်ဖြည့်သွင်းမှုနှင့် သံလမ်း Level ညီ/မညီတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီးသည် ကန်သာယာနှင့် ကျောက်ပန်းတောင်းကြား မိုင်တိုင် (၃၆၇/၁၉)၌ ကျောက်ဖြည့်သွင်းခြင်း၊ ကွန်ကရစ်ဇလီဖား လဲလှယ်ခြင်း၊ သစ်သား ဇလီဖားလဲလှယ်ခြင်းနှင့် ညောင်တိုနှင့် ပင်းချောင်းကြား၌ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

မှာကြား

ထို့နောက်ဝန်ကြီးသည် ဆတ်သွားရထားလမ်း (၂၄၅)မိုင်တိုင်၌ ကွန်ကရစ်ဇလီဖားများ လဲလှယ်ပြီးစီးမှုနှင့် ကျောက်များဖြည့်သွင်းခြင်း လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်-ပြည်-မြင်းခြံ-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပုဂံညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စာပေဆုရှင်အား ဂုဏ်ပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၂ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခမ်းမရုံ၌ကျင်းပရာ နာယက ဒေါက်တာဦးလွန်းဝေနှင့် ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့်ငွေစာရင်းရှင်းတမ်းကို အတည်ပြုကြပြီး ၂၀၀၉-၂၀၁၀ခုနှစ်အတွက် အဖွဲ့ဝင် ၁၅ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြကာ အသက် ၇၅ နှစ်ပြည့်ပြီးသူ အသင်းဝင် အဘိုးအဘွား ၄၉ဦးအား ပူဇော်ကန်တော့ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးရ သားသမီးကိုးဦးကို ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ကြပြီး ၂၀၀၇ခုနှစ် အမျိုးသားစာပေဆု စာပဒေသာဆုရ ဘွားဦးဖွန်းစာအုပ်ရေးသားသူစာရေးဆရာကြီး တက္ကသိုလ်စိန်တင် (ညောင်ဦး)အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။ **(ဝဲပုံ) (မြန်မာ့အလင်း)**

ဆင္ဓအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးကို မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ကျင်းပစဉ်။ (သတင်းစဉ်)

* ရှေ့ဖုံးမှ

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီး ငါးပါးကို တင်မြှောက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်မြို့ ကလေးဝတောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

နာယူ

အစည်းအဝေးတွင် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကထာ ချီးမြှင့်မှုများကို နာယူကြသည်။

ထို့နောက် သဘာပတိ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရက အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ မြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

တင်သွင်းလျှောက်ထား

ထို့နောက် တစ်နှစ်တာကာလအတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျဉ်းကို အကျိုးတော်ဆောင် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသက တင်သွင်းလျှောက်ထားပြီး နံနက်ပိုင်း အစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် အစည်းအဝေးကို ပြန်လည်ကျင်းပရာ တစ်နှစ်တာကာလအတွင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဆောင်ရွက်ခဲ့သော အစီရင်ခံစာအကျယ်ကို ကဏ္ဍအလိုက် သက်ဆိုင်ရာ ဆရာတော်များက ဖတ်ကြားတင်သွင်းကြပြီး ပထမနေ့အစည်းအဝေးကို ရပ်နားလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား ရန်ကုန်မြို့နေ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေး) မိသားစုတို့က သုံးထပ် ဆွမ်းစားကျောင်းဆောင်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ထွန်းရွှေဝါ၊ ဂရိတ်ဝေါ၊ ကေသီပန်၊ မှန်ချို၊ သုခသီတာ၊ မဟာဝန်၊ ဂဠုန်ရာဇာ၊ မင်္ဂလာရွှေအုပ်၊ ဝိဇ္ဇာမျက်လုံး၊ ညွန့်ညွန့်၊ ဆန္ဒမွန်၊ တော့ယူနန်နှင့် ဖျံသုံးကောင် တိုင်းရင်းဆေးလုပ်ငန်းများက တိုင်းရင်းဆေးများကို လောင်းလှူကြသည်။

(သတင်းစဉ်)

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့၌ မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်မှာ လားရှိုးမြို့နှင့် နမ့်စန်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ဒသမ ၃၆ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

၂၀၀၉ ခုနှစ် မတ်လ ၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

လားရှိုးမြို့ မြို့မဈေး၌ မီးဘေးကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

လားရှိုး ဖေဖော်ဝါရီ ၂၈ (ဖက်စ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၏ ကြီးကြပ်မှုဖြင့် ပြည်နယ် မီးသတ်ဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးကော်မတီ၊ လားရှိုးမြို့မဈေးကြီး အကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်းကာ မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်ဇာတ်တိုက်ခြင်းကို ဖေဖော်ဝါရီ ၂၈ရက် မွန်းလွဲ ၁နာရီက လားရှိုးမြို့မဈေးကြီးအတွင်း လမ်းဆုံ၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဝင်းတို့ တက်ရောက်ကြသည်။

လားရှိုးမြို့ ရပ်ကွက်များမှ ရေသယ်ယာဉ်၊ မီးသတ်ယာဉ်၊ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ၁၄စီးတို့ဖြင့် ရေငုတ်များမှ ရေပိုက်များ ဆက်သွယ်ခြင်း၊ ရေလွှတ်ပေးခြင်း၊ ရေပက်ဖျန်းခြင်း တို့ကို ဇာတ်တိုက်လေ့ကျင့်ကြသည်။ မီးလောင်လျှင် မီးသတ်ဆေးဘူးဖြင့် ဖျန်းပက် မီးငြိမ်းသတ်ခြင်းတို့ကို ဈေးသူ ဈေးသားများ ကိုယ်တိုင် လက်တွေ့ ဇာတ်တိုက်လေ့ကျင့်ကြသည်။ မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို သန္နွေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးကြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

လွယ်ဂျယ်မြို့ ရေကန်ဆောက်လုပ်

လွယ်ဂျယ် ဖေဖော်ဝါရီ ၂၈

လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက် ရေပေးရေးလုပ်ငန်းအဖြစ် လူစုပါကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနှင့် ရေကန်ဆောက်လုပ်ခြင်းလုပ်ငန်းတို့ကို တာဝန်ခံအရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏတို့က ဖေဖော်ဝါရီ ၂၀ရက်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

(မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရမ်းဗြဲမြို့နယ် ရပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ် တည်ဆောက်ရန် ပန္နက်စိုက်ထူပွဲသို့ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ် တည်ဆောက်ရန်အတွက် ပန္နက်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၄ရက် ညနေ ၃နာရီတွင် အဆောက်အအုံဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ပန္နက်စိုက်ထူ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ရမ်းဗြဲမြို့နယ် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ် တည်ဆောက်ရန်အတွက် ပန္နက်စိုက်ထူပေးစဉ်။ (သတင်းစဉ်)

ပန္နက်စိုက်ထူ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် အသီးသီးနေရာယူကြပြီး မင်္ဂလာအချိန်တွင် ပန္နက်စိုက်ထူ၍ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားအပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ပြောင်းလဲတပ်ဆင်

ရခိုင်ပြည်နယ်အတွင်း ရုပ်မြင်သံကြားဖမ်းယူရရှိမှု အပြည့်အဝပျံ့နှံ့ရရှိစေရန်အတွက် ရမ်းဗြဲမြို့နယ်အတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအသစ်တစ်ခု ဆောက်လုပ်ခြင်းအပြင် သံတွဲနှင့် ကျောက်တော် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများတွင် လွှင့်အားမြင့်စက်အသစ်များ ပြောင်းလဲတပ်ဆင်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

အမွှေးနံ့သာရည်ပက်ဖျန်း

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရမ်းဗြဲမြို့နယ် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံအသစ် တည်ဆောက်ရန်အတွက် ပန္နက်စိုက်ထူပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

သံတမန်ရေးနှင့် စစ်ရေးလုပ်ငန်းအစီအမံ အင်ဒိုနီးရှား ခိုင်မာရမည်ဟု သမ္မတပြောကြား

ဂျကာတာ ဖေဖော်ဝါရီ ၂၈

ဒေသဆိုင်ရာနှင့် ကမ္ဘာ့အဆင့်များ၌ ပထဝီနိုင်ငံရေးဖွံ့ဖြိုးတိုးတက်လာချိန်တွင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် သံတမန်ရေးနယ်ပယ်နှင့် စစ်ရေးနယ်ပယ်များ ကြံ့ခိုင်လာစေရန် ကိုယ်တိုင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်းယူဒိုရိုနိုက ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားလိုက်သည်။

ထည့်သွင်းပြောကြား

အနာဂတ်တွင် အမျိုးသားအကျိုးစီးပွားအတွက် သံတမန်လုပ်ငန်းကို မိမိတို့ မှန်ကန်စွာဆောင်ရွက်နိုင်ရမည် ဖြစ်ကြောင်း၊ တစ်ပွဲဆိုသည်ကို မလွဲမရှောင်သာသည့်အဆုံးမှ စဉ်းစားရမည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားစစ်ဌာနချုပ်တွင် သမ္မတဆူစီလိုက ပြောကြားလိုက်သည်။ တစ်ချိန်တည်းမှာပင် စစ်ရေး သို့မဟုတ် ကာကွယ်ရေးအစီအမံများလည်း ခိုင်မာစေရမည်ဟု ၄င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင်ဆယ်ကျော်သက်အရွယ် မိန်းကလေးတစ်ဦးမိုဘိုင်းလ်ဖုန်းဖြင့် အီးမေးလ်ပို့နေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဂျပန်နိုင်ငံအတွင်းရှိ ဆယ်ကျော်သက်အရွယ် လူငယ်များမှာ နေ့စဉ် အီးမေးလ် ၂၀ကျော်ပေးပို့ လက်ခံရရှိကြကြောင်း စစ်တမ်းကောက်ယူမှုအရ သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်းရှန်ဒေါင်းပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွက် မြေကြီးများတူးဖော်ရာမှ ၁၉၃၇-၁၉၄၅ ကာလ စစ်အတွင်းက မြှုပ်နှံထားသည့် ပေါက်ကွဲစေသည့် ပစ္စည်း၁၀၇ခု ရှာဖွေတွေ့ရှိခဲ့ရာ ရဲတပ်ဖွဲ့ဝင်များက ဂရုတစိုက်ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်တောင်ပိုင်းပြည်နယ်တွင် ပေါက်ကွဲမှုဖြစ်ပွား ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၈

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ဟယ်လ်မန်ပြည်နယ်တွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း နေတိုးဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၏ ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၂၆ရက်တွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်ကို အာဖဂန်နစ္စတန်တောင်ပိုင်းသို့ စေလွှတ်ရန် လွန်ခဲ့သည့်ရက်သတ္တပတ်က အမိန့်ထုတ်ပြန်ခဲ့ရာ တပ်ဖွဲ့ဝင်အများစုကို ဟယ်လ်မန်ပြည်နယ်သို့ စေလွှတ်မည်ဖြစ်သည်။ ယင်းပြည်နယ်သည် ကမ္ဘာတစ်ဝန်းတွင် ဘိန်းအထွက်ဆုံးဖြစ်ပြီး ဗြိတိသျှတပ်ဖွဲ့ဝင်များသည် တာလီဘန်ပြောက်ကျားများနှင့် နေ့စဉ် တိုက်ခိုက်မှုများဖြစ်ပွားရာ နေရာလည်း ဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွား

ဗြိတိသျှတပ်ဖွဲ့ဝင်များက ဟယ်လ်မန်ပြည်နယ် ဂျီရစ်ခရိုင်တွင် ကင်းလှည့်စောင့်ကြပ်ရေးတာဝန် ထမ်းဆောင်နေစဉ် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဗြိတိန်ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

ရဟတ်ယာဉ်ပေါ်သေဆုံး

ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်များအား ရဟတ်ယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်ခဲ့သော်လည်း ဆေးရုံမရောက်မီ တပ်ဖွဲ့ဝင်သုံးဦး ရဟတ်ယာဉ်ပေါ်၌ သေဆုံးသည်ဟု ဆရာဝန်တစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဆယ်ကျော်သက်ကိုယ်ဝန်ဆောင်မှုနှုန်း ဗြိတိန်၌ ငါးနှစ်အတွင်းမြင့်တက်လာ

လန်ဒန် ဖေဖော်ဝါရီ ၂၈

အင်္ဂလန်နှင့် ဝေလဒေသများတွင် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်သည့်နှုန်းသည် ငါးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် မြင့်တက်လာခဲ့ရာ ၂၀၁၀ပြည့်နှစ်တွင် ယင်းပမာဏ ထက်ဝက်လျှော့ရန် ရည်မှန်းချက်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၂၆ရက်က ထုတ်ပြန်သည့် တရားဝင်စာရင်းဇယားများအရ သိရသည်။

မြင့်မားလာ

ဗြိတိန်သည် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်ဆောင်နှုန်း ဥရောပတွင် အများဆုံးနိုင်ငံဖြစ်သည်။ ယင်းအချိန်တွင် အရွယ်မရောက်သူများ မွေးဖွားနှုန်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကျဆင်းခဲ့သည့် အကြောင်းတစ်ရပ်မှာ အမျိုးသမီး ကလေးများ ကိုယ်ဝန်ဖျက်ချမှုနှုန်း မြင့်မားလာမှုကြောင့်ဖြစ်သည်။

စာရင်းဇယားများအရ

အသက် ၁၈နှစ်အောက် မိန်းကလေး ၁၀၀၀တွင် ၄၁ ဒသမ၉ဦး ကိုယ်ဝန်ရှိသည်ဟု ၂၀၀၇ခုနှစ် ပြည်နယ်စာရင်းဇယားများအရ သိရသည်။ ယင်းနှုန်းသည် ၂၀၀၂ခုနှစ်နောက်ပိုင်းရှိခဲ့သည့် ၄၀ဒသမ ၉ ဦးနှုန်းထက် မြင့်မားလာခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

အလေးထား

အိစ်ဘောင်ဒေသမှ အယ်လ်ပီပက်တန်၏ကိစ္စ ယခုလစောစောပိုင်းက ပေါ်ပေါက်ခဲ့ရာမှ ဖော်ပြပါပြဿနာများကို အလေးထားလာခြင်းဖြစ်သည်။ အယ်လ်ပီသည် အသက် ၁၃နှစ်အရွယ်တွင် ကလေးအဖေဘဝသို့ရောက်ရှိနေပြီး ၄င်း၏ ဇနီးက အသက် ၁၅နှစ်သာ ရှိသေးသည်။

ပါကစ္စတန် မာရီရော့ထ်ဟိုတယ် မီးလောင်မှုဖြစ်ပွား၊ ၁၂ဦး ဒဏ်ရာရ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၈

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ ကြယ်ငါးပွင့်အဆင့်ရှိ မာရီရော့ထ်ဟိုတယ်၌ ဖေဖော်ဝါရီ ၂၆ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ**(ယာပုံ)** ၁၂ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ယင်းဟိုတယ်မှာ ၂၀၀၈ခုနှစ် စက်တင်ဘာလအတွင်း လူ၆၀ သေဆုံးခဲ့သည့် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ပြင်ဆင်မှုများပြုလုပ်ကာ ပြီးခဲ့သည့် နှစ်လက ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အလျင်အမြန်သွားရောက်

အစိုးရအဖွဲ့ရုံးစိုက်ရာနေရာနှင့် နီးကပ်လျက်ရှိသည့် မာရီရော့ထ်ဟိုတယ်မီးလောင်မှုကြောင့် မီးခိုးလုံးကြီးများ ထွက်လာသည်နှင့်တစ်ပြိုင်နက် မီးသတ်တပ်ဖွဲ့မှာ အလျင်အမြန်သွားရောက်၍ မီးငြိမ်းသတ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဒဏ်ရာရသူ ၁၂ဦးတွင် အများစုမှာ ဟိုတယ်ဝန်ထမ်းများဖြစ်ကြောင်း အင်တာနက်သတင်း၌ ပါရှိသည်။

ဝိုင်ယာရှော့ဖြစ်

မီးလောင်မှုမှာ ဟိုတယ်ဒုတိယထပ်ရှိ ဝိုင်ယာကြိုးများ ပြင်ဆင်တပ်ဆင်နေသည့်နေရာမှ ဝိုင်ယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ဟိုတယ်မှပြောရေးဆိုခွင့်ရှိသူ ဂျမီခါဝါက ပြောကြားသည်။

(အင်တာနက်)

ချီလီနိုင်ငံ မြို့တော် ဆန်တီယာဂို၏ တောင်ဘက် ကီလိုမီတာ ၁၂၂၀ အကွာရှိ ချိုင်တင်အရပ်တွင် မုန်တိုင်းတိုက်ခတ်ပြီးနောက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုဖြစ်ပေါ်လျက်ရှိသည်ကို ဖေဖော်ဝါရီ ၂၆ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အီတလီကုန်သင်္ဘော ပင်လယ်ဓားပြရန်မှ တရုတ်ရေတပ်ကယ်တင်

ပေကျင်း ဖေဖော်ဝါရီ ၂၈

ဆိုမာလီယာနိုင်ငံ ကမ်းလွန်ဒေသ၌ ပင်လယ်ဓားပြတို့၏ တိုက်ခိုက်မှုမှ အီတလီကုန်သင်္ဘောတစ်စင်းကို တရုတ်ရေတပ်ကင်းလှည့်ရေယာဉ်များက ကယ်တင်လိုက်ကြောင်း ဆင်ဟွာသတင်းဌာနက ဖေဖော်ဝါရီ ၂၇ရက်က ကြေညာသည်။

အီတလီကုန်သင်္ဘောတစ်စင်း စက်ချွတ်ယွင်းသဖြင့် ပင်လယ်ဓားပြများ ဝိုင်းတိုက်ရန်ကြိုးပမ်းစဉ် ဖေဖော်ဝါရီ ၂၄ ရက်က အေဒင်ပင်လယ်ကွေ့အတွင်း ဖြတ်သန်းသည့် သင်္ဘောများကို တရုတ်ရေတပ် ဖျက်သင်္ဘောဟိုက်ကူက စောင့်ကြပ် အကာအကွယ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးသူ ဗီယက်နမ်၌ ၂၀၀၉ ခုနှစ်အတွင်း နှစ်ဦးရှိလာ

ဟန်နွိုင်း ဖေဖော်ဝါရီ ၂၈

ဗီယက်နမ်နိုင်ငံတောင်ပိုင်း နမ်ဘင့်ပြည်နယ်တွင် အသက် ၃၂နှစ်အရွယ် ကူဗန်ချူအမည်ရှိ အမျိုးသားတစ်ဦးမှာ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် ဖေဖော်ဝါရီ ၂၅ ရက်က သေဆုံးသွားခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံး

ကြက်ငှက်တုပ်ကွေးရောဂါ မခံစားရခင်က ကြက်ငှက်များနှင့် ထိတွေ့မှုများရှိခဲ့ရာမှ ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအမျိုးသားမှာ ၁၃ ရက်ကြာဆေးရုံပေါ်၌ ခက်ခဲစွာ ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်။

ကူဗန်ချူမှာ ၂၀၀၉ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ လူသားများသို့ ကူးစက်မှုခံရသူများတွင် တတိယမြောက်ဖြစ်ကြောင်း၊ ယင်းရောဂါဖြင့် သေဆုံးသူနှစ်ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

(အင်တာနက်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကော့သောင်းနှင့် ဘုတ်ပြင်းမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၂၄ရက် နံနက်ပိုင်းက ကော့သောင်းမြို့ အကျဉ်းဦးစီးဌာန နွေစပါးစိုက်ခင်းများနှင့် ဆည်မြောင်းဦးစီးဌာန ခုနစ်မိုင်ရေထိန်းတံခါးတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော့သောင်းမြို့ GSM ရေဒီယိုစခန်း(၂) စက်မှုအဆောက်အအုံနှင့် တာဝါဖောင်ဒေးရှင်း တည်ဆောက်မှုစီမံကိန်းကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ပုလုံးတုံးတုံးတံတား ပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး**(အပေါ်ပုံ)** ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ဒေသခံလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကော့သောင်းမြို့ စုပေါင်းရုံးခန်းမ၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံပြီး အမြန်ရေယာဉ်ဖြင့် ကော့သောင်းမြို့မှ ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင်ဘုတ်ပြင်းမြို့နယ် ဝါးကျွန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာကုန်စုံဆိုင်နှင့် ဝါးကျွန်းအခြေခံပညာမူလတန်းလွန်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ဗီယက်နမ်သံအမတ်ကြီးတွေ့ဆုံ

စက်မှု ဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် ဖေဖော်ဝါရီ၂၄ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ရုံးခန်း၌ လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် စက်မှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ်အမှတ်(၁၆)ရပ်ကွက် အမက(၁၄)ကျောင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပရာ သူငယ်တန်းမှဆုရရှိသော မောင်ဖုန်းရင်အား ကျောင်းအကျိုးတော်ဆောင် ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် ဒေါ်ပိုပိုမြင့်အောင်က ဆုချီးမြှင့်စဉ်။

(၁၇၀)

ဒို့ကျေးရွာဂျာနယ် အတွဲ(၆) အမှတ်(၅)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈



တပေါင်းလ မိန်ရာသီအခါသမယတွင် ရာသီပန်းများဖြစ်သော အင်ကြင်းပန်း၊ သရဖီပန်းရနံ့များနှင့်အတူ ကျေးလက်နေ ပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာတို့ကို စုံလင်စွာဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၅) ကို မတ် ၁ရက်တွင် ထုတ်ဝေလိုက်သည်။ **(ယာပုံ)**

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးကြိုး ပဲတီစ္စေ့ဝါ စိုက်ပျိုးပါ၊ နှစ်ရှည်အကျိုးအမြတ်ရရှိစေမည့် ပဒေသာပင်(ထန်း)စိုက်ပျိုးပါ၊လူမှုစီးပွားဘဝမြင့်မားဖို့ ပေါင်းစည်းလယ်ယာ ဆောင်ရွက်စို့၊ နွေစပါးခင်းတွင် ယူရီးယားမြေဩဇာ ထိရောက်စွာ သုံးစွဲနည်းစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ အလေးထားရမည့် ခိုင်းနွားစားကျက်၊ သိုးများကို စတင်မွေးမြူတော့မည်ဆိုလျှင်၊ ကျွဲ၊ နွားရောဂါ များနှင့် ဆေးမြီးတိုများ အသုံးပြုရာတွင် စသည့် မွေးမြူရေးဆောင်းပါးများ၊ ကိုယ် အလေးချိန် လျှော့ချနည်းနှင့် ထိန်းသိမ်းနည်း၊ကျန်းမာရေးအတွက် သကြားစားသုံးသင့်၊ ဆေးဖက်ဝင် ဖရဲပင်၊ ကိုယ့်ဒူးကိုလူလိုပဲ ကျွေးတတ် မွေးတတ်ပါစေ၊ မျက်စိထဲသို့ အမှိုက်ဖုန်ကဲ့သို့သော အရာများဝင်ခြင်းကို ဖယ်ရှားရန်နည်းလမ်း စသည့် ကျန်းမာရေး ဆောင်းပါးများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာ အမွေအနှစ်အဖြစ် ဆက်လက်ထိန်းသိမ်းရမည့် မြန်မာ့ရုပ်သေးပညာ၊အကောင်းဆုံးကိုလိုချင်သလား အကောင်းဆုံးကိုပေးတဲ့အကျင့်ကိုမွေးပါ၊ ထူးမြတ်သည့်လတပေါင်း၊ ရခိုင်ပြည်နယ်အတွင်းမီးရထားလမ်းဖောက်လုပ်ပြေးဆွဲတော့မည်၊ ကမ္ဘောဒီးယားနိုင်ငံအကြောင်း သိကောင်းစရာ၊ အာရှနိုင်ငံ အချို့၏ ပြည်ပပို့ကုန်လုပ်ငန်းများ အခြေအနေ စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများ၊ ဓာတ်ရုပ်ပီပီပြင်ပြင်ဖြင့် သက်ဝင်လှုပ်ရှားလာပြန်လျှင် ကျေနပ်ဝမ်းသာသည့် စာရေးဆရာမ မစန္ဒာနှင့်တွေ့ဆုံခြင်း၊ နိုင်ငံတကာအားကစားသတင်းများ၊ ဝတ်ရုံမဝတ်ပါ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာ ဗီဒီယိုဓာတ်လမ်းများနှင့် သတင်းအတိုအထွာများကို သုတ၊ ရသ စုံလင်စွာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ်၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၁၉၃၆၊၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ **(သတင်းစဉ်)**

Kanebo နှင့် Kracie ချစ်သူများအတွက် Summer Parade Sale ဈေးရောင်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

Kanebo နှင့် Kracie ချစ်သူများအတွက် Summer Parade Sale ဈေးရောင်းပွဲတော်ကို မတ်၁ရက်မှ ၁၀ရက်အထိ ရန်ကုန်မြို့ရှိ Kanebo & Kracie Counter ၌ ကျင်းပမည်ဖြစ်သည်။

လက်ဆောင်များပေး

အဆိုပါဈေးရောင်းပွဲတော်တွင် Kaneboနှင့် Kracie ပစ္စည်းအမျိုးအစားအတွက် Buy One, Getone အစီအစဉ်၊ အချို့သောကုန်ပစ္စည်းများအတွက် ၂၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းပေးမည့် အစီအစဉ်တို့အပြင် Kanebo နှင့် Kracie ချစ်သူများအတွက် အထူးတုံ့ပြန်လက်ဆောင်များပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့် ကန်/တောင်ရပ်ကွက် စာကြည့်တိုက်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကန်တော်ကလေးတောင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ စာကြည့်တိုက်ရှင်သန်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀နာရီက နဝဒေးစာကြည့်တိုက်၌ ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးခိုင်က စာကြည့်တိုက် ဖွင့်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ **(ယာပုံ)**

ဆွေးနွေး

အဆိုပါစာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စမ်းစမ်းကျော်က စာကြည့်တိုက်များ ရှင်သန်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကော့သောင်းမြို့ GSM ရေဒီယိုစခန်း(၂)အဆောက်အအုံနှင့် တာဝါဖောင်ဒေးရှင်းတည်ဆောက်လျက်ရှိ

ပုလုံးတုံးတုံးတံတားပြန်လည်တည်ဆောက်နေ။ ယခုအပတ်ဒို့ကျေးရွာဂျာနယ်သတင်းဓာတ်ပုံဝေဝေဆာဆာဖြင့်ထုတ်ဝေ

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ (၆)ကြိမ်ဆောင်ရွက်ခဲ့

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ တတိယအစည်းအဝေး၌ မိန့်ကြားတော်မူအပ်သောသဘာပတိ၊ ဉက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ မကွေးဆရာတော်ဘုရားကြီး၏ သာရဏီယသြဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

[၁၃၇၀ပြည့်နှစ်၊ တပေါင်းလဆန်း ၅ရက်၊ ၂၈-၂-၂၀၀၉ရက် (စနေနေ့)]

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်၊ တိုင်းအသီးသီးတို့မှ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဦးတည်ချက်ဖြင့် ထက်သန်တက်ကြွသော သာသနာပြုစိတ်ဓာတ်အပြည့်အဝထားကာ ကြွရောက်တော်မူလာကြကုန်သော သာသနာ့ဦးသျှောင်ဖြစ်တော်မူ ကြသည့် နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘုရားကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာကြည်သာရွှင်လန်းချမ်းမြေ့စွာဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားတိုးတက်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်ဘုရားများနှင့် ယခုလိုတစ်နှစ်လျှင်တစ်ကြိမ်ကျ စုံညီတွေ့ဆုံကြရ၍ သာသနာတော်အတွက် အရေးကြီးသောကိစ္စများကို တိုင်ပင်ညှိနှိုင်းဆွေးနွေးကြရ၊ အသိအမြင်ချင်း ဖလှယ်ကြရသောကြောင့် သာသနာတော်အတွက် အထူးပင်နှစ်သက်ဝမ်းမြောက်ရပါကြောင်း ထပ်လောင်းလျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဗုဒ္ဓမြတ်စွာသည်"**ပဉ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ အသမုပ္ပန္နာနိ အယတိ သမုပ္ပဇ္ဇိဿန္တိ တာနိ ဝေါ ပဋိဗုဇ္ဈိတွာ စ တေသံ ပဟာနာယ ဝါယမိတဗ္ဗံ**"

(အံ-၂-၉၃၊ ၉၅)

"ရဟန်းတို့ ဤအနာဂတ်ဘေးငါးပါးတို့သည် ယခုအခါမဖြစ်ပေါ်သေးကုန် နောင်အခါ၌ ဖြစ်ပေါ်ကုန်လိမ့်မည်၊ ထိုအနာဂတ်ဘေးတို့ကို သင်တို့ကြိုတင်သိထားကြရမည်(ကြိုတင်သိထားအောင် လေ့လာစုံစမ်းထောက်လှမ်းထားကြရမည်)။ ကြိုတင်သိထားပြီး၍လည်း ထိုဘေးတို့ကို သုတ်သင်ပယ်ရှားတားမြစ်နိုင်အောင် ကြိုးစားအားထုတ်ကြရမည်"စသည်ဖြင့် အနာဂတ်ကာလ၌ဖြစ်ပေါ်လာမည့် ဘေးငါးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။

ထိုအနာဂတ်ကာလ၌ ဖြစ်ပေါ်လာမည့် ဘေးငါးမျိုးတို့ကို အကျဉ်းချုပ်၍ လျှောက်ထားပါမည်ဘုရား-

(၁) ကာယာနုပဿနာကို ပွားများပြီးမဟုတ်ကြကုန်သော၊ သီလကိုပွားများပြီး မဟုတ်ကြကုန်သော၊ သမာဓိစိတ်ကို ပွားများပြီး မဟုတ်ကြကုန်သော၊ ပညာကို ပွားများပြီးမဟုတ်ကြကုန်သော ဉပဇ္ဈာယ်ရဟန်းတို့သည် မိမိတို့ကိုယ်တိုင် ကာယ၊ သီလ၊ စိတ္တ၊ ပညာတို့ကို ပွားများပြီး မဟုတ်ကြပါဘဲလျက် အခြားတပည့်လူသာမဏေတို့ကို ပဉ္စင်းခံပေးကြလိမ့်မည်။

(၂) ထိုကဲ့သို့သော ရဟန်းတို့က နိဿရည်းဆရာလုပ်၍ တပည့်မွေးကြကုန်လိမ့်မည်။ ထိုဉပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာတို့၏ တပည့်အဆက်ဆက်တို့သည်လည်း ကာယာနုပဿနာကို မပွားများကြကုန်၊ သီလကိုမပွားများကြကုန်၊ သမာဓိစိတ်ကို မပွားများကြကုန်၊ ပညာကိုမပွားများကြကုန်၊ တပည့်အဆက်ဆက်တို့ကိုလည်း ကာယ၊ သီလ၊ စိတ္တ၊ ပညာတို့ကို ပွားများအောင် ဆုံးမခြင်းငှာ စွမ်းနိုင်ကြလိမ့်မည်မဟုတ်ကုန်။

ဤနည်းအားဖြင့် ဓမ္မပျက်စီးကွယ်ပခြင်းကြောင့် ဝိနည်းပျက်စီးကွယ်ပ၏။ ဝိနည်းပျက်စီးကွယ်ပခြင်းကြောင့် ဓမ္မပျက်စီးကွယ်ပ၏။

(၃) ရဟန်းတို့သည် ဆိုအပ်ပြီးသည့်နည်းတူ ကာယ၊ သီလ၊ စိတ္တ၊ ပညာကို ပွားများပြီး မဟုတ်ကြပါဘဲလျက် အဘိဓမ္မာနှင့်စပ်သော တရားစကား၊ ဉာဏ်ပညာနှင့်စပ်သော တရားစကားတို့ကို ဟောပြောကြရင်းပင် သူတစ်ပါးတို့၏ ပျော့ကွက်၊ ဟာကွက်၊ အပြစ်အနာအဆာကဲ့ရဲ့ဖွယ်ရာတို့ကို ရှာဖွေသောအားဖြင့် ဒေသနာလမ်းကြောင်း တစ်မျိုးပြောင်းကြကုန်သည်ဖြစ်၍ သန့်ရှင်းစင်ကြယ်သော တရားမှန်ကို မသိနိုင်ကြကုန်လတ္တံ့၊ (ဒေါသစိတ်ဖြင့် သူတစ်ပါးကို ပုတ်ခတ်လျက်လည်းကောင်း၊ ထိုတရားဓမ္မကို မိမိကိုယ်တိုင်သိသောတရားအနေအားဖြင့် သတ်မှတ်လျက်လည်းကောင်း၊ လာဘ သက္ကာရကို မျှော်ကိုးလျက်လည်းကောင်း ဟောပြောသောအားဖြင့် မည်းညစ်နောက်ကျူသော အကုသိုလ်ဘက်သို့ သက်ရောက်ကူးပြောင်းသွားကြလိမ့်မည်။)

ဤနည်းအားဖြင့် ဓမ္မပျက်စီးကွယ်ပခြင်းကြောင့် ဝိနည်းပျက်စီးကွယ်ပ၏။ ဝိနည်းပျက်စီးကွယ်ပခြင်းကြောင့် ဓမ္မပျက်စီးကွယ်ပ၏။

(၄) ထိုရဟန်းတို့သည် ကာယ၊ သီလ၊ စိတ္တ၊ ပညာတို့ကို ပွားများပြီး မဟုတ်ကြခြင်းကြောင့် ခက်ခဲနက်နဲကုန်၊ ခက်ခဲနက်နဲသော အနက်အဓိပ္ပာယ်ရှိကြကုန်သော လောကုတ္တရာတရားကိုးပါးကို ဖော်ပြကုန်သော သတ္တဝါကောင်၊ အသက်ကောင်၊ အတ္တကောင်မှ ဆိတ်သုဉ်းသော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ်တရားသဘောသက်သက်နှင့်သာ သက်ဆိုင်ကုန်သော ဘုရားဟောတရားတော်တို့ကို ဟောပြအပ်ကုန်သည်ရှိသော် မနာယူချင်ကြ၊ နားမထောင်ချင်ကြ၊ စိတ်ပါလက်ပါ ရှင်းရှင်းလင်းလင်း သိလိုစိတ် မရှိကြကုန်လတ္တံ့။

ထိုဘုရားဟောတရားတော်တို့ကို သင်ကြားလေ့လာဆည်းပူးထိုက်ကုန်၏ဟူ၍ မမှတ်ထင်ကြကုန်၊ သာသနာပြင်ပပုဂ္ဂိုလ်များ ရေးသားအပ်သော တရားသဘောအချက်အလက်များကိုသာ လိုလိုချင်ချင်နားထောင်ကြကုန်၊ စိတ်ပါလက်ပါ ရှင်းရှင်းလင်းလင်း သိလိုစိတ်ရှိကြကုန်၊ သင်ကြားဆည်းပူးထိုက်ကုန်၏ဟူ၍ မှတ်ထင်ကြကုန်လတ္တံ့။

ဤနည်းအားဖြင့် ဓမ္မပျက်စီးကွယ်ပခြင်းကြောင့် ဝိနည်းပျက်စီးကွယ်ပ၏။ ဝိနည်းပျက်စီးကွယ်ပခြင်းကြောင့် ဓမ္မပျက်စီးကွယ်ပ၏။

(၅) ကာယ၊ သီလ၊ စိတ္တ၊ ပညာတို့ကို ပွားများပြီးမဟုတ်ကြကုန်သော ထေရ်ကြီးရဟန်းတို့သည် ပစ္စည်းလာဘ်လာဘပေါများအောင် အားထုတ်ကြကုန်၊ သိက္ခာသုံးဖြာသာသနာတော်ကို ပေါ့ပေါ့လျော့လျော့ကျင့်ကြကုန်၊ အောက်အပါယ်ဘုံသို့ ရောက်ကြောင်း မကောင်းသောအကျင့်များ၌ ရှေ့သွားပဓာနထားကြကုန်၊ မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်သောကျင့်စဉ်များ၌ တာဝန်မဲ့အားထုတ်မှု လုံ့လ၊ ဝီရိယကို လျှော့ချထားကြကုန်လတ္တံ့။

ထိုရဟန်းတို့၏ နောင်လာနောက်သားတပည့်များလည်း ဒိဋ္ဌာနုဂတိလိုက်ကာ ဆရာ့အပြုအမူအတိုင်း ပြုကျင့်ကြလိမ့်မည်။

ဤနည်းအားဖြင့် ဓမ္မပျက်စီးကွယ်ပခြင်းကြောင့် ဝိနည်းပျက်စီးကွယ်ပ၏။ ဝိနည်းပျက်စီးကွယ်ပခြင်းကြောင့် ဓမ္မပျက်စီးကွယ်ပ၏။

ထိုဘေးကြီးငါးမျိုးတို့ နောင်အခါဖြစ်ပေါ်လာကြလိမ့်မည်ကို သင်တို့ကြိုတင်သိထားကြရမည်။ (ကြိုတင်သိထားအောင် လေ့လာစုံစမ်းထောက်လှမ်းထားကြရမည်။) ကြိုတင်သိထားပြီး၍လည်း ထိုဘေးတို့ကို သုတ်သင်ပယ်ရှားတားမြစ်နိုင်အောင် ကြိုးစားအားထုတ်ကြရမည်ဟု ဟောတော်မူခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ထိုဘေးကြီးငါးမျိုးတို့သည် ယခုအခါ မြန်မာနိုင်ငံတော်အတွင်း၌ အနည်းအများပမာဏ ကွာခြားသော်လည်း ငါးမျိုးစလုံး ဖြစ်ပေါ်နေပါသည်ဘုရား။

ထိုငါးမျိုးတို့အနက် လွန်စွာတုန်လှုပ်ချောက်ချားဖွယ်ကောင်းလှသော ဘေးကြီးနှစ်မျိုးတို့ကို အနည်းငယ်မျှ ထုတ်ပြလျှောက်ထားပါမည်ဘုရား။

ထိုနှစ်မျိုးတို့မှာ တတိယဘေးကြီးနှင့် စတုတ္ထဘေးကြီးများဖြစ်ပါသည်ဘုရား။ ထိုတတိယဘေးကြီး၊ စတုတ္ထဘေးကြီးများနှင့် ဆက်နွယ်နေသော အဓမ္မဝါဒများ ရှေးအခါက ပေါ်ပေါက်ခဲ့ဖူးပါသည်ဘုရား။

ထိုပေါ်ပေါက်ခဲ့ဖူးသော အဓမ္မဝါဒများကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်း၍ ငါးနှစ်သက်တမ်းမှာပင် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့များဖွဲ့စည်း၍ သုတ်သင်ပယ်ရှား တားမြစ်ခဲ့ပါသည်ဘုရား။

ထို့နောက် ဆက်လက်ပေါ်ပေါက်လာသော အဓမ္မဝါဒများကိုလည်း နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့များဖြင့်ပင် သုတ်သင်ပယ်ရှား တားမြစ်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ သို့ရာတွင် ထိုသုတ်သင်ပယ်ရှား တားမြစ်ခဲ့ပြီးသော အဓမ္မဝါဒများ တစ်စတစ်စ ခေါင်းထောင် ထလာနေသည်ကိုလည်းကောင်း၊ ထိုအဓမ္မဝါဒအဖြစ် ဆုံးဖြတ်အပ်ပြီးသော စာအုပ်စာတမ်းများကို မိတ္တူကူး၍ အတိအလင်းရောင်းချနေသည်ကိုလည်းကောင်း ယခင်အစည်းအဝေးများ၌ ဘုရားတပည့်တော် လျှောက်ထားခဲ့ဖူးပါသည်ဘုရား။

ယခုအခါ ထိုအဓမ္မဝါဒများထက်ပင်သာလွန်၍ တုန်လှုပ်ချောက်ချားဖွယ်ကောင်းသော အဓမ္မဝါဒများကို ဟောပြောခြင်း၊ သင်တန်းပေးခြင်း၊ စာအုပ်စာတမ်း ထုတ်ဝေဖြန့်ချိခြင်း စသည်တို့ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသော အဓမ္မဝါဒီပုဂ္ဂိုလ်များ ထင်ထင်ရှားရှား မြောက်မြားစွာ ပေါ်ပေါက်နေသည်ကို ဆရာတော်ဘုရားများလည်း ကြားသိသင့်သမျှ ကြားသိနေကြပါလိမ့်မည်ဘုရား။

ထိုအဓမ္မဝါဒဘေးဆိုးကြီးသည် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို ဖြိုချဖျက်ဆီးပစ်မည့် ဘေးဆိုးကြီးဖြစ်ကြောင်းကို အရိပ်အမြွက်မျှ လျှောက်ထားပါမည်ဘုရား။

ဆရာတော် အရှင်မြတ်တို့ဘုရား- ယခုခေတ်သည် အသစ်အဆန်းကို အထင်ကြီးကာ မြတ်နိုးတတ်သော အချို့ရဟန်းရှင်လူများ များပြားနေသောခေတ်ဖြစ်ပါသည်။ ယင်းအချက်ကို အခွင့်ကောင်းယူကာ အဓမ္မဝါဒထူထောင်လိုသူ အဓမ္မဝါဒီများသည် မိမိတို့၏ သာသနာတော်၌ ပြုပြင်၍မရနိုင်သော အပြစ်တစ်စုံတစ်ရာ အကြောင်းတစ်မျိုးမျိုးကြောင့် ထွက်ပေါက်ရှာသောအနေအားဖြင့် ဤအဓမ္မဝါဒကို ဟောပြောပြသ ဖြန့်ချိလိုက်ကြလေရာ ထိုအဓမ္မဝါဒီများ၏ ဆောင်ရွက်ချက်သည် တစ်ဟုန်ထိုးကျယ်ပြန့် ပွားများလာခဲ့ပါသည်ဘုရား။

ထိုအဓမ္မဝါဒီများသည် မြတ်စွာဘုရားဟောကြားခဲ့သည့် သံဂါယနာ (၆)ကြိမ်တင်ဗုဒ္ဓပါဝစန ပါဠိတော်ကြီးများကိုပင် ဘုရားဟောမဟုတ်လေဟန်၊ ဗြဟ္မဏဝါဒ(ဟိန္ဒူဝါဒ)ဖြစ်လေဟန်လည်းကောင်း၊ ထေရဝါဒဗုဒ္ဓသာသနာ၌ ဘုရားဟောပါဠိတော်လောက်နီးနီး အားထားပို့ချ သင်ယူနေကြရသည့် အဋ္ဌကထာများ၏ လွဲမှားစွာဖြင့် ဖွင့်ပြမှုကြောင့် မြန်မာနိုင်ငံ၌ ဗုဒ္ဓဝါဒအစစ်အမှန်များ ကွယ်ပျောက်နေရသည်ဟုလည်းကောင်း ဤသို့စသော အဓမ္မဝါဒများကို သင်ကြား၊ ပို့ချ၊ ရေးသား၊ ဖြန့်ချိနေကြပါသည်ဘုရား။

ထိုအဓမ္မဝါဒဘေးဆိုးကြီးသည် ယခင်ကပေါ်ပေါက်ခဲ့ဖူးသော အဓမ္မဝါဒများထက်ပင် လွန်စွာတုန်လှုပ်ချောက်ချားဖွယ်ကောင်းသော ဘေးဆိုးကြီးဖြစ်ပါသည်။

"တာနိဝေါ ပဋိဗုဇ္ဈိတဗ္ဗာနိ" "ထိုဘေးဆိုးကြီးများကို သင်တို့ ကြိုတင်သိထားကြရမည်"ဟူသော မြတ်ဗုဒ္ဓ၏အမိန့်တော်အတိုင်း ထိုဘေးဆိုးကြီးများကို တပည့်တော်တို့ ဆရာတော်တို့ ကြိုတင်သိထားအောင် လေ့လာစုံစမ်း ထောက်လှမ်းထားကြရပါမည်ဘုရား။

"ပဋိဗုဇ္ဈိတွာစ တေသံ ပဟာနာယ ဝါယမိတဗ္ဗံ" "ကြိုတင်သိထားပြီး ၍လည်း ထိုဘေးတို့ကို သုတ်သင်ပယ်ရှားတားမြစ်နိုင်အောင် ကြိုးစားအားထုတ်ကြရမည်"ဟူသော မြတ်ဗုဒ္ဓ၏အမိန့်တော်အတိုင်း ယခုပေါ်ပေါက်နေသော သာသနာ့ဘေးဆိုးကြီးကို နိုင်ငံတော်သံဃမဟာနာယကအပါအဝင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များနှင့် အခြားရဟန်းပညာရှင်၊ လူပညာရှင်များ ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင်၍ သုတ်သင်ပယ်ရှားတားမြစ်နိုင်အောင် ကြိုးစားအားထုတ်ကြရန် အချိန်ကျရောက်နေပါပြီဘုရား။ ထိုသို့အားထုတ်ကြရာ၌ သူ့တာဝန် ငါ့တာဝန်ဟုမခွဲခြားဘဲ သာသနမာမက ရဟန်းရှင်လူအားလုံး ညီညာဖြဖြဆောင်ရွက်ကြရန် လျှောက်ထားပါသည်ဘုရား။

ယင်းသို့ ဆောင်ရွက်ရာ၌ သံဃာထုအင်အားကို များစွာလိုအပ်ပါသည်ဘုရား။ ကိဋ္ဌာဂိရိအရပ်၌ အဿဇိပုနဗ္ဗသုကမည်သော အလဇ္ဇီရဟန်းဆိုးတို့ သာသနာတော်၌ မသင့်မတော် မလျော်မလျောက်သည့် အကျင့်ဆိုးတို့ကို ပြုကျင့်နေကြသည်ကို မြတ်စွာဘုရားကြားသိတော်မူရ၍ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကို ခေါ်တော်မူပြီးလျှင် "သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့…. သင်တို့သည် ကိဋ္ဌာဂိရိသို့သွား၍ အဿဇိပုနဗ္ဗသုကတို့ကို ကိဋ္ဌာဂိရိမှနှင်ထုတ်ကြ၊ ထိုရဟန်းများသည် သင်တို့၏ တပည့်များဖြစ်ကြသည်"ဟု စေခိုင်းတော်မူလေရာ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်တို့က "ရှင်တော်မြတ်ဘုရား…. အဿဇိပုနဗ္ဗသုက ရဟန်းများသည် ခက်ထန်ကြမ်းကြုတ်ကြပါသည်၊ ဘယ်ပုံဘယ်နည်း နှင်ထုတ်ကြရပါမည်နည်း"ဟု လျှောက်ထားသောအခါ ဘုရားရှင်က "ဒီလိုဆိုလျှင် များစွာသောရဟန်းတို့ကိုခေါ်သွားကြ"ဟု မိန့်တော်မူခဲ့ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ဤမြတ်စွာဘုရားမိန့်ကြားတော်မူသည့် နည်းအတိုင်း ယခုပေါ်ပေါက်သော သာသနာ့ဘေးဆိုးကြီးသည်လည်း သာသနာတော်နယ်ပယ်အတွင်း စိမ့်ဝင်ထိုးဖောက်၍ အတွင်းမှလှိုက်စားလျက် သာသနာတော်ကိုဖြိုချဖျက်ဆီးမှု၊ အပြင်မှ အထင်အရှားရေးသားဟောပြောခြင်း၊ ဖြန့်ချိခြင်း၊ သင်တန်းပေးခြင်း၊ စည်းရုံးခြင်း စသည်ပြုလျက် သာသနာတော်ကို ဖြိုချဖျက်ဆီးမှုတို့ဖြင့် ဘက်စုံထောင့်စုံမှ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို အမြစ်ပါမကျန်အောင် တွန်းလှန်ဖြိုဖျက်နေသော လွန်စွာအင်အားကြီးမားသည့် သာသနာ့ဘေးဆိုးကြီးဖြစ်ရကား ထိုသာသနာ့ဘေးဆိုးကြီးကို သုတ်သင်ပယ်ရှား တားမြစ်ရာ၌ သံဃာထုအင်အားကို များစွာလိုအပ်လှပါသည်ဘုရား။

သို့ဖြစ်ပါ၍ ဆရာတော်ဘုရားများသည် မိမိတို့နေရပ်ဒေသ၊ မိမိတို့ ရောက်ရာဒေသဟူသမျှတို့၌ ထေရဝါဒသာသနာဝင်ရဟန်းတော်အားလုံး ဤသာသနာ့ ဘေးဆိုးကြီးပေါ်ပေါက်နေသည်ကို သဘောပေါက်လောက်အောင် ရှင်းလင်းပြောပြ၍ ထိုသာသနာ့ဘေးဆိုးကြီးကို သုတ်သင်ပယ်ရှားတားမြစ်ရာ၌ သာသနာ့စိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်လာကြအောင် လှုံ့ဆော်စည်းရုံးတော်မူကြရန် တောင်းပန်လျှောက်ထားပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား- ယခုဖြစ်ပေါ်နေသည့် သာသနာ့ဘေးဆိုးကြီးကို သုတ်သင်ပယ်ရှားတားမြစ်ရာ၌ ဓမ္မစက်သက်သက်ဖြင့်သာ ဆောင်ရွက်၍ အောင်မြင်နိုင်မည်မဟုတ်ပါ။

"သာသနံနာမ ရာဇာနံ၊ နိဿာယ တိဋ္ဌတေဣဓ = ဤလောက၌ သာသနာတော်မည်သည် မင်းကိုမှီ၍ တည်တံ့ရ၏" ဟူသော ကဝိထေရ်မွန်ပညာဝန်တို့၏ အဆိုအမိန့်အတိုင်း နိုင်ငံတော်အစိုးရမင်းတို့၏ အာဏာစက်နှင့် တွဲဖက်၍ ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။

မှန်ပါသည်ဘုရား။

သာသနာ့သမိုင်းကို လေ့လာပါလျှင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပ၍ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်းကာ သာသနာတော်တည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည့် ကောဇာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်အထိ သာသနာတော် ၂၅၅၂ ခုနှစ်အတွင်း ဓမ္မစက်၊ အာဏာစက်တွဲဖက်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့သည်မှာ ခြောက်ကြိမ်မျှသာ ထင်ထင်ရှားရှားတွေ့မြင်ရပါသည်ဘုရား။

ပထမအကြိမ်

ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှ လေးလမြောက်တွင် အရှင်မဟာကဿပထေရ်သည် အဇာတသတ်မင်း၏ အကူအညီဖြင့် သုဘဒ္ဒကဲ့သို့သော ရဟန်းဆိုးများ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၌ ဝါဆိုဝါကပ် မနေကြစေရန် ဉတ်ကမ္မဝါစာဖြင့် ပယ်ရှားတားမြစ်၍ မဂဓတိုင်း၊ ရာဇဂြိုဟ်မြို့တော် သတ္တပဏ္ဏိလိုဏ်ဂူအနီး မဏ္ဍပ်ကြီး၌ ရဟန္တာငါးရာတို့ဖြင့် ပထမသံဂါယနာတင်တော်မူကာ ဓမ္မစက်၊ အာဏာစက်တွဲဖက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ပါသည်ဘုရား။

ဒုတိယအကြိမ်

သာသနာတော်နှစ် ၁၀၀ အရောက်တွင် ဝဇ္ဇီတိုင်းသားရဟန်းများ၏ ပြောဆိုကြေညာသည့် အဓမ္မဝတ္ထု ၁၀ပါးကို အကြောင်းပြု၍ အရှင်မဟာယသ အမှူးရှိသော ရဟန္တာ ခုနစ်ရာတို့သည် ကာလာသောကမင်း၏ အကူအညီဖြင့် ဝါဠိကာရုံကျောင်းတိုက်၌ ဒုတိယသံဂါယနာတင်တော်မူကြ၍ ဝဇ္ဇီတိုင်းသားရဟန်းများကို ဖယ်ရှားနှင်ထုတ်လျက် ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်ဘုရား။

တတိယအကြိမ်

သာသနာတော်နှစ် ၂၃၆ခုနှစ်တွင် မဂဓတိုင်း၊ ပါဋလိပုတ်မြို့တော် အသောကာရုံကျောင်းတိုက်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်အမှူးပြုသော ရဟန္တာတစ်ထောင်တို့သည် သီရိဓမ္မာသောကမင်း၏ အကူအညီဖြင့် အန္နကဂိုဏ်းသားအစရှိသော ရဟန်းများ၏ အဓမ္မအယူဝါဒကိုဖယ်ရှား၍ တိတ္ထိတို့ကို သာသနာတော်မှနှင်ထုတ်ပြီးလျှင် တတိယသံဂါယနာတင်တော်မူကြ၍ ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်ဘုရား။

စတုတ္ထအကြိမ်

သာသနာတော် ၁၀၆၁ခုနှစ်၊ သက္ကရာဇ် ၄၁၉ခုနှစ်တွင် စတင်ကြွရောက်တော်မူလာသော အရှင်အရဟံသည် အနော်ရထာမင်း၏ အာဏာစက်အကူအညီဖြင့် ပုဂံပြည်တွင် အဓမ္မဝါဒဟောကြားပြုမူနေကြသော အရည်းကြီးတို့ကို လူဝတ်လဲစေပြီးလျှင် ထေရဝါဒဗုဒ္ဓသာသနာတော်တည်စေတော်မူခဲ့ပြီး သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ပါသည်ဘုရား။

ပဉ္စမအကြိမ်

သာသနာတော် ၁၇၀၇-၁၇၄၀ ခုနှစ်တွင် သီဟိုဠ်ကျွန်း၊ ပုလတ္ထိမြို့၌ နန်းတက်သော ပရက္ကမဗာဟုမင်းလက်ထက်၌ ဒိမ္ဗုလာဂလ အရှင်မဟာကဿပအမှူးပြုသော သာရတ္ထဒီပနီဋီကာကျမ်းပြု အရှင်သာရိပုတ္တရာအပါအဝင် မဟာထေရ်အရှင်မြတ်တို့သည် ပရက္ကမဗာဟုမင်း၏ အကူအညီဖြင့် အချင်းချင်းကွဲပြားနေသော မဟာဝိဟာရဂိုဏ်းကြီး၊ အဘယဂိရိဂိုဏ်းကြီး၊ ဇေတဝနဂိုဏ်းကြီး သုံးဂိုဏ်းတို့ကို ညီညွတ်အောင်ပြု၍ အလဇ္ဇီရဟန်းများကိုစစ်ဆေး၍ လူဝတ်လဲစေခြင်း၊ သာမဏေဝတ်ဖြင့်နေနိုင်လောက်သူကို သာမဏေဝတ်ဖြင့်နေစေခြင်းဖြင့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်တော်မူခဲ့ကြပါသည်ဘုရား။

ဆဋ္ဌအကြိမ်

သာသနာတော် ၂၅၂၄ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၄၂ခုနှစ်၊ နယုန်လဆန်း ၁၁ရက်မှ ၁၄ရက်အထိ လေးရက်တိုင်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ကျင်းပ၍ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းစသည်တို့ကိုပြဋ္ဌာန်းကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့စသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ဖွဲ့စည်း၍ ဓမ္မစက်၊ အာဏာစက်တွဲဖက်လျက် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ပါသည်ဘုရား။

ဤသို့လျှင် မဇ္ဈိမဒေသ၌ သုံးကြိမ်၊ သီဟိုဠ်ကျွန်း၌ တစ်ကြိမ်၊ မြန်မာပြည်၌ နှစ်ကြိမ်အားဖြင့် (၆)ကြိမ်မျှသာ ဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရပါသည်ဘုရား။

ထိုဓမ္မစက်၊ အာဏာစက်တွဲဖက်ကာ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ခဲ့ရသည့် (၆) ကြိမ်တို့တွင် တတိယအကြိမ် မဇ္ဈိမဒေသ၌ပေါ်ပေါက်ခဲ့သော သာသနာ့ဘေးဆိုးကြီးသည် အကြီးမားဆုံးဖြစ်သည်ဟု ထင်မြင်ပါသည်ဘုရား။

ယခုမြန်မာပြည်၌ ဖြစ်ပေါ်နေသော သာသနာ့ဘေးဆိုးကြီးသည် ထိုမဇ္ဈိမဒေသ၌ ဖြစ်ပေါ်ခဲ့သော ဘေးဆိုးကြီးကဲ့သို့ပင် အလွန်ကြီးမားသောဘေးဆိုးကြီး ဖြစ်ပါသည်ဘုရား။ ဤမျှလောက်ကြီးမားသော သာသနာ့ဘေးဆိုးကြီးကို သာသနမာမက အာဏာပိုင်အဖွဲ့အစည်းများနှင့် ထေရဝါဒဗုဒ္ဓဘာသာဝင် ရဟန်း၊ ရှင်၊ လူအပေါင်းတို့ ညီညာဖြဖြ လက်တွဲကြလျက် သုတ်သင်ပယ်ရှားတားမြစ်ကြပါစို့ဟု လေးလေးနက်နက်တိုက်တွန်းနှိုးဆော်လျက် ဘုရားတပည့်တော်၏ သာရဏီယသြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်အရှင်မြတ်တို့ဘုရား။ ။

ဘဒ္ဒန္တ ကုမာရ
ဥက္ကဋ္ဌ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့

1-3 (06).pmd 1 3/1/2009, 3:38 AM

အမှာစကား ပြောကြား

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သောင်းအေး ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်နှင့် မြို့နယ် ဦးစီးအရာရှိများ၊ ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဖေဖော်ဝါရီ ၂၅ရက် နံနက် ၈နာရီခွဲတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ စက်ရုံတာဝန်ခံက ကျောက်ဖြူမြို့နယ်နှင့် ပတ်ဝန်းကျင်ဒေသများသို့ ရုပ်မြင်သံကြားအစီအစဉ်များ ထုတ်လွှင့်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မေးမြန်းဆွေးနွေး

ရှင်းလင်း တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ရုပ်မြင်သံကြား ထုတ်လွှင့်သည့် စက်စွမ်းအားအခြေအနေ၊ ပုံနှံ့ရောက်ရှိမှုနှင့် ဖမ်းယူရရှိမှုအခြေအနေ၊ ရမ်းဗြဲမြို့နယ်အတွင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်အသစ် တည်ဆောက်မည့်နေရာနှင့် ဒေသအတွင်း အကျိုးသက်ရောက် ဖမ်းယူရရှိနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်းပြီး မေးမြန်းဆွေးနွေးကာ ဆက်လက် ဆောင်ရွက်ရန်များကို မှာကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိကြပြီး ပြည်သူများအတွက် ပညာပေး နံရံကပ်စာစောင်များ ဆောင်ရွက်ထားရှိမှု၊ စာကြည့်တိုက်အတွင်း စာအုပ်စာစောင်များ ထိန်းသိမ်းထားရှိမှုနှင့် ပြည်သူများအဆင်ပြေစွာ စာပိုမိုဖတ်ရှုနိုင်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံတွဲခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ဦးစီးအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံကြရာ တာဝန်ရှိသူများက ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ ကျေးရွာများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှုနှင့် ခိုင်မာရှင်သန်အောင် ဆောင်ရွက်နေမှု၊ ကျေးရွာများသို့ နေ့စဉ်ထုတ်သတင်းစာများ ပို့ဆောင်ဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးက ကျောက်ဖြူခရိုင်အတွင်း ထူထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ဆောင်ရွက်ရန်အချက်များနှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းမှာကြားပြီး ကျေးရွာတိုင်းသို့ သတင်းစာရောက်ရှိရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအပေါ် ကျေးရွာများသို့ သတင်းစာများ ပိုမိုထိရောက်လျင်မြန်စွာ ရောက်ရှိရေးအတွက် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးသည်။

အကောင်အထည်ဖော်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ပြန်ကြားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဝန်ထမ်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်များကို မှာကြားခဲ့သည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၅) အမှတ်(၉)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၉)၌ **'ရာသီဥတုသတင်းမှန် ဘယ်လိုထုတ်ပြန်သင့်သလဲ'** မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းလွင်နှင့် ဖလားဝါးနယူးစ်တို့ တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ ပြည်ပသို့ဆန်ပြန်လည်တင်ပို့ခွင့်ပြုချိန်မှ နှစ်လအတွင်း တန်ချိန်ကိုးသောင်းကျော် တင်ပို့နိုင်ခဲ့၊ စင်ကာပူဟိုတယ်များတွင် ခန့်ထားရန် ကျွမ်းကျင် မြန်မာဝန်ထမ်းများ အကန့်အသတ်မရှိ ခေါ်ယူမည်၊ ယာဉ်စီးခပိုတောင်းသည့် အဝေးပြေးယာဉ်လိုင်းများကို ပြင်းထန်စွာအရေးယူမည်၊ ပြည်တွင်းရွှေဈေး အတက်အကျမငြိမ်၊ မြန်မာ့ရုပ်သေးကို ဂျပန်သတင်းစာကချီးကျူး၊ ပျူခေတ် ဂဝံမြို့ဟောင်းတစ်ခု အင်ပူမြို့တွင်တွေ့ရှိ စသည့်ပြည်တွင်းရေးရာသတင်းများနှင့် အတူ **သူ့ဘဝ သူ့ဒဿန 'ကိုယ်ကြိုးစားရင် ကိုယ်အောင်မြင်မယ်၊ ကိုယ်မကြိုးစားရင် ကိုယ်မအောင်မြင်ဘူး'** ဦးချစ်စရာ(သရုပ်ဆောင်) နှင့် စကားလက်ဆုံ၊ တစ်ပတ်စာ အရသာသစ် ယိုးဒယားဝက်သားထမင်းအချိုပေါင်း ကဏ္ဍသစ်၊ မိမိကိုယ်ကို လေးစားပါ ရှုမြင်သုံးသပ်ဆောင်းပါးများနှင့်အတူ ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရက်အိုဘားမားရေး၍ ကိုကို (စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ(၁၄)'၊ 'ကမ္ဘာ့စီးပွားရေးအကျပ်အတည်းက နိုင်ငံအားလုံးကို ပြဿနာအစစ်အမှန်တွေအပေါ်မှာသာ အလေးထားစေခဲ့ပါတယ်'၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂီလက်ရော့ဗ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ပေါင်းစည်းနေသော ကမ္ဘာ့စီးပွားရေးမှ ပြန်လည်ဆုတ်ခွာခြင်းသည် ဂလိုဘယ်လိုက်ဇေးရှင်းကွယ်ပျောက်ခြင်းလော၊ စစ်ပွဲကြောင့် ချောက်ချောက် ချားချားဖြစ်နေသူ အီရတ်အမျိုးသား မီးခြစ် ၅၂လုံးမျိုချ၊ နွားကျင်ငယ်ရည်ဖြင့် ဖျော်ရည်ဖျော်၊ ဟီလာရီကလင်တန်က ကျော်ကြားမှုကိုအသုံးပြု၍ သံခင်းတမန်ခင်း ခင်းကျင်း၊ မိုက်ခရိုဆော့ဖ်က ကွန်ပျူတာဗိုင်းရပ်စ်ဖန်တီးသူကို ဖမ်းဆီးရန် ရှာဖွေပေးနိုင်သူအား ဆုငွေဒေါ်လာ ၂၅၀၀၀၀ချီးမြှင့်မည်၊ ၂၀၀၉တွင် အမေရိကန်စီးပွားရေး ပိုမိုဆိုးရွားမည်၊ ဘီလုံနာသူဌေးက ကန်ဒေါ်လာရှစ်ဘီလျံလိမ်လည်မှုပြု စသည့်နိုင်ငံတကာ ထူးထူး ဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှမြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

လွှစာမှုန့်မှ စွမ်းအင်ထုတ်ယူနိုင်တော့မည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

အစားထိုးစွမ်းအင် ထုတ်ယူရရှိရေး နည်းလမ်းမျိုးစုံဖြင့် သုတေသနပြုလျက်ရှိရာ ယခုအခါ လွှစာမှုန့်များမှ လောင်စာစွမ်းအင်ထုတ်ယူနိုင်တော့မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ဓာတုပြောင်းလဲ

သစ်ခွဲစက်၊ သစ်စက်နှင့် သစ်အရောင်းဆိုင်များတွင် လွှစာမှုန့်များ စုပုံနေသည်ကို တွေ့ရှိရပြီးနောက် သုတေသနပညာရှင်များက အဆိုပါလွှစာမှုန့်များတွင်းသို့ ဓာတုပြောင်းလဲမှု ပြုလုပ်ပြီး ထွက်ရှိလာသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အားဖြင့် ဂျင်နရေတာလည်ပတ်ကာ စွမ်းအင်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။

အသုံးပြုနိုင်

လွှစာမှုန့်တစ်တန်အပူချိန်သည် နေအိမ်၌သုံးစွဲနိုင်သော အပူစွမ်းအင်ကို ပေးစွမ်းနိုင်သည့်အပြင် အချိန်ကြာမြင့်စွာ အသုံးပြုနိုင်ကြောင်း သိရသည်။ ကုန်ကြမ်းပစ္စည်းအနေဖြင့် လောင်စာထည့်ရာ ကန်များအတွင်းသို့ လွှစာမှုန့်များ သိုလှောင်ထားပြီး ဖြည်းဖြည်းချင်း စွမ်းအင်ထုတ်ယူသုံးစွဲနိုင်ကြောင်း သိရသည်။

သက်သာစေ

အခြားသဘာဝ သယံဇာတများဖြစ်သော ရေနံနှင့် ဒီဇယ်တို့ တဖြည်းဖြည်းရှားပါးလာချိန်၌ ယခုကဲ့သို့ အစားထိုးစွမ်းအင်ထုတ်ယူမှုရရှိရန် ကြိုးစားအကောင်အထည်ဖော်ခြင်းဖြစ်သည်။ လွှစာမှုန့်မှ စွမ်းအင်ထုတ်ယူရာတွင် အခြားအစားထိုးစွမ်းအင်သုံးစွဲမှုကို သက်သာစေမည်ဖြစ်သည်။

အဓိကရည်ရွယ်

လောလောဆယ်၌ လွှစာမှုန့်မှ အစားထိုး စွမ်းအင်ရရှိရေး ကြိုးစားအကောင်အထည်ဖော်မှုတွင် ရာခိုင်နှုန်းအားဖြင့် သုံးရာခိုင်နှုန်းအထိသာ အစားထိုးနိုင်သေးကြောင်း သိရသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ လွှစာမှုန့်ကုန်ကြမ်းပစ္စည်းမှာ အခြားကုန်ကြမ်းပစ္စည်းများထက် ပေါများမှုမရှိသဖြင့် ကျေးရွာနှင့် အိမ်သုံး စွမ်းအင်ထုတ်ယူနိုင်မှုကို အဓိကရည်ရွယ် ထုတ်ယူနိုင်ရေး အဓိကထားကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

(အင်တာနက်)

ကျန်းမာရေးနှင့်ညီညွတ်သော မုန်လာဆီ ဈေးရောင်းပွဲတော် လားရှိုးမြို့ စည်ပင်သာယာရေးဈေး၌ ကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၂၈

ကျန်းမာရေးနှင့် ညီညွတ်သော ဒေသထွက် မုန်လာဆီဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၅ ရက် နံနက်က မြို့နယ်စည်ပင်သာယာရေးဈေးကြီးတွင် ကျင်းပသည်။

ဈေးရောင်းပွဲတော်သို့ ပြည်နယ်စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဈေးသူ ဈေးသားများ၊ စားသုံးသူများ တက်ရောက်ကြသည်။

(အပေါ်ပုံ)

နှစ်ခြိုက်

မုန်လာဆီသည် မုန်လာဥမှအစေ့ကို ထုတ်ယူကြိတ်ခွဲရရှိသော အဆီဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး စားသုံးမှုအန္တရာယ်ကင်းရှင်းကြောင်း ထောက်ခံချက်ရထားပြီးဖြစ်သည်။ အကြော်ခံခြင်း၊ မြေပဲဆီ ကဲ့သို့ အနံ့အရသာကောင်းခြင်း၊ အေးသောကာလတွင် မခဲခြင်းကြောင့် စားသုံးသူများ နှစ်ခြိုက်ကြသည်။

ဖြန့်ဖြူးရောင်းချပေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဆီမုန်လာပင်များကို ၂၀၀၉ ခုနှစ် စိုက်ပျိုးရာသီတွင် ဧက ၃၆၇၀ကို လားရှိုး၊ ကျောက်မဲ၊ ကွမ်းလုံ၊ မူဆယ်ခရိုင်များတွင် စိုက်ပျိုးသွားမည်ဟု သိရသည်။ တစ်ဧက ၁၀ တင်းနှုန်းဖြင့် တင်း ၃၆၇၀၀ ထွက်ရှိရန် စီမံထားသည်။ မုန်လာစေ့တစ်တင်းကြိတ်လျှင် ဆီခြောက်ပိဿာရရှိပြီး ဆီတစ်ပိဿာ ကျပ်၃၀၀၀၊ မျိုးစေ့တစ်ပြည်ကို ကျပ် ၁၀၀၀နှုန်းဖြင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

(လားရှိုး-ကိုယ်ပွား)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဩစတြေးလျအနောက်ပိုင်းသို့ ဆိုင်ကလုန်း ရွေ့လျား

ဆစ်ဒနီ ဖေဖော်ဝါရီ ၂၈

ဩစတြေးလျနိုင်ငံ အနောက်ပိုင်းရှိ အနောက်မြောက်ကမ်းရိုးတန်းကို ဦးတည်ကာ ဖေဖော်ဝါရီ ၂၈ ရက်က ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ရွေ့လျားနေကြောင်း ဩစတြေးလျ မိုးလေဝသအရာရှိများက ပြောကြားသည်။

ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် ဗီလ်ဘာရာမြို့အရှေ့ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ ယင်းမုန်တိုင်းကြောင့် ရေလွှမ်းခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့အပြင် နေအိမ်များ ပျက်စီးနိုင်ကြောင်း ၎င်းတို့က သတိပေးထားသည်။

အဆိုပါ မုန်တိုင်းသည် ဒေသစံတော်ချိန် မတ် ၁ ရက် နံနက်စောစောပိုင်း၌ ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်းလည်း ထပ်မံသတိပေးထားသည်။

အင်ဒိုနီးရှား၌ ငလျင်လှုပ် နေအိမ်အဆောက်အအုံများ ယိမ်းထိုး

ဂျကာတာ ဖေဖော်ဝါရီ ၂၈

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အနောက်ဘက်ကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၈ ရက်က ရစ်ချ်တာစကေး ၆ ရှိသော ငလျင်တစ်ခု လှုပ်သွားကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါ မြေငလျင်ကြောင့် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သော်လည်း ပျက်စီးမှုမရှိကြောင်း၊ ငလျင်ဗဟိုမှာ ရေအောက်ကြမ်းပြင် ကီလိုမီတာ ၂၀ ခန့်ကို ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း သိရသည်။

■ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဗိုလ်မှူးချုပ်သန်းငွေ၊ ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် ဦးဖေသန်း၊ တွဲဖက် စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မောင်မောင်အုန်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးမင်းဇော်၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား ရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက် ကြ သည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင် မြင့်ဦးက အဖွင့်အမှာစကားပြောကြား ရာတွင် နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် တွင် နေပြည်တော်ကို ဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းအသီးသီးသို့ လွယ် ကူစွာ သွားလာနိုင်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များကို သွက်လက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို ဖောက်လုပ်လျက်ရှိကြောင်း၊ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး စီမံကိန်း ဖြစ်သောရန်ကုန်အမှတ်(၃)လမ်းမကြီးမှ မန္တလေးစကားအင်းအဝိုင်းအထိအရှည် ၃၂၅ မိုင် ဖာလုံလမ်းကို ၂၀၀၅ခုနှစ် အောက်တိုဘာလမှစတင်၍ ဖောက် လုပ်ခဲ့ရာ ယခုမတ်လတွင် နေပြည်တော် ရှိ စီလမ်းဆုံ အထိ ၂၀၂မိုင် ၁ဖာလုံကို Two Way, Two Lane အသုံးပြု နိုင်တော့မည် ဖြစ်ကြောင်း။

လေးလမ်းသွား

အမြန်လမ်းမကြီးကိုတစ်ဖက်လျှင် လေးလမ်းသွားဖောက်လုပ်သွားမည်ဖြစ် ပြီး ယာဉ်များ အသွား၊ အပြန် သတ်သတ်မှတ်မှတ် မောင်းနှင်နိုင်ရန် လမ်းလယ်ကျွန်းကို ပေ ၃၀ အကျယ် ဆောင်ရွက်ထားကာ လမ်းတစ်ခုလုံး၏ လမ်းနယ်အကျယ်ပေ၃၆၀ ဆောင်ရွက် ထားရှိကြောင်း၊ အဆိုပါ လမ်းကို ကွန်ကရစ်ပထမအလွှာ ခြောက်လက်မ၊ ဒုတိယအလွှာ ၁၂လက်မ ခင်းထား သဖြင့် တန်၈၀ခံနိုင်ဝန်ရှိကြောင်း၊ ယင်းလမ်းပေါ်ရှိ တံတားများကိုလည်း တန် ၈၀ အထိ ခံနိုင်ဝန်ရှိရန် တည် ဆောက်ထားကြောင်း။

ရန်ကုန်-မန္တလေး အမြန်လမ်းမ ကြီး ဖောက်လုပ်ရာတွင် ဘိလပ်မြေ တန် ၂ ဒသမ ၂၅ သန်း၊ သံချောင်းလုံး တန် ၁ ဒသမ ၂၅ သိန်း၊ စက်သုံးဆီ ဂါလန် ၇၂ သန်း၊ ကျောက်မျိုးစုံ ကျင်းပေါင်း ၂၀ဒသမ ၃၃သိန်း ကုန်ကျမည်ဖြစ်ရာ ယခုပြီးစီးနေပြီ ဖြစ်သည့် လမ်းအပိုင်းတွင် ဘိလပ်မြေ တန် ၁ဒသမ ၁၇သန်း၊ သံချောင်းလုံး တန် ၉၀၀၀၀ ကျော်၊ စက်သုံးဆီ ဂါလန်သန်း ၄၀၊ ကျောက်မျိုးစုံ ကျင်း ပေါင်း ၁၄ သိန်းကျော်ကို သုံးစွဲပြီး ဖြစ်ကြောင်း၊ အဆိုပါလမ်းမကြီးတွင် စက်ယန္တရားပေါင်း ၁၂၀၀ ကျော်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မြေသားလုပ်ငန်းကျင်းပေါင်း ၁၀၄ ဒသမ ၅ သန်းဆောင်ရွက်ရမည်ဖြစ် ရာ ယခုအခါ မြေသားကျင်းပေါင်း ၇၅ ဒသမ ၂သန်းကို ဆောင်ရွက်ပြီး ဖြစ်ကြောင်း။

အသုံးပြုနိုင်

အမြန်လမ်းမကြီးအနီးရှိ ကျေးရွာ များကို ကျေးရွာချင်း ဆက်သွယ်သွား လာနိုင်ရန်အတွက် အဆိုပါလမ်းတွင် Under Pass များ စီစဉ်ပေးထား ကြောင်း၊ အဆိုပါ အမြန်လမ်းမကြီး တွင် ယာဉ်များ အသွား/အပြန် သီးခြား ရှိစေရန်နှင့် ယာဉ်ဖြတ်သန်းမှုကြောင့် အန္တရာယ်မဖြစ်စေရန် Culvert Box များ စီမံပေးထားကြောင်း၊ လမ်း ကြောင်းတွင် Toll Gate ငါးခုနှင့် ကြားဖြတ်လမ်းများမှ အမြန်လမ်းမကြီး သို့ တက်ရောက်အသုံးပြုနိုင်စေရန်ပါ စီစဉ်ပေးထားကြောင်း၊ ရန်ကုန်- မန္တလေးအမြန်လမ်းမကြီးတွင် စား သောက်ဆိုင်၊ မော်တော်ယာဉ် အလုပ် ရုံ၊ စက်သုံးဆီအရောင်းဆိုင်၊ ယာဉ် ရပ်နားနေရာနှင့် ရဲစခန်းတို့ပါဝင် သော Rest Camp သုံးခုကို စီစဉ် ပေးသွားမည် ဖြစ်ကြောင်း။

အမြန်လမ်းမကြီးတွင် ယာဉ် ပိတ်ဆို့မှု မရှိစေရေးအတွက် သတ် မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်နိုင် သော ယာဉ်များကိုသာ ဖြတ်သန်းသွား လာခွင့် ပြုမည်ဖြစ်ကြောင်း၊ ကုန်တင် ယာဉ်ကြီးများကို ဖြတ်သန်းသွားလာ ခွင့်မပြုဘဲ ယာဉ်ငယ်များနှင့် ခရီး သည်တင် အဝေးပြေးယာဉ်ကြီးများကို သာ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ် ကြောင်း၊ ယခု ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး စီမံကိန်းကို နိုင်ငံ တကာ စံချိန်စံညွှန်းများနှင့်အညီ ရှိသင့် ရှိထိုက်သည်များ အားလုံးပါဝင် အောင် စီမံဆောင်ရွက်ထားကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားမှူး လက် ထောက်စစ်ထောက်ချုပ် ဒုတိယ ဗိုလ်မှူးကြီးအောင်သန်းဦးက ၃/၂၀၀၈ အစည်းအဝေးမှတ်တမ်းပါ ဆုံးဖြတ် ချက်များ ဆောင်ရွက်ထားရှိမှု အခြေ အနေကို တင်ပြသည်။

စံချိန်စံညွှန်း

ဆက်လက်၍ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဖောက်လုပ်ရေးလုပ်ငန်း ကော်မတီဝင် စာရင်းစစ်ချုပ် ဗိုလ်ချုပ် လွန်းမောင်က ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က တာဝန်ယူ ဆောင်ရွက်သည့် လမ်းပိုင်းများကို အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး၊ ပစ္စည်းများအလေအလွင့်မရှိစေရေးနှင့် စာရင်းဇယားများစနစ်တကျရှိစေရေး စစ်ဆေးဆောင်ရွက်ထားမှု အခြေ အနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြား ရေးမှူး(လုပ်ငန်း) ဦးတင့်ဆန်းက ရန်ကုန်-နေပြည်တော် လမ်းပိုင်း၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော အမှတ်(၃)လမ်းဆုံ-မြို့ချောင်းလမ်းပိုင်း ၈၃မိုင်ဖာလုံ၏ လမ်းစံချိန်စံညွှန်း၊ လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ပြီးစီးမှု၊ အဓိက ပစ္စည်းလိုအပ်မှုနှင့် ရရှိမှု၊ လုပ်ငန်းခွင်သုံး စက်ယာဉ်/ ယန္တရားစာရင်း၊ အထောက်အကူပြု လုပ်ငန်းများ၊ ဆက်သွယ်ရေးလမ်း၊ ယာဉ်ရပ်နားစခန်း၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်းများ ဆောက်လုပ် မည့် အခြေအနေနှင့် လုပ်ငန်းဆောင် ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ဗီဒီယို ဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး တင့်အောင်က စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဆောင် ရွက်လျက်ရှိသော မြို့ချောင်း-သာဂရ လမ်းပိုင်း ၈၉မိုင် ၃ဖာလုံ၏ လမ်း စံချိန်စံညွှန်း၊ လမ်းလုပ်ငန်းနှင့်တံတား လုပ်ငန်းများပြီးစီးမှု၊ အဓိကပစ္စည်း လိုအပ်မှုနှင့်ရရှိမှု၊ လုပ်ငန်းခွင်သုံး စက် ယာဉ်/ယန္တရားစာရင်း၊ အထောက် အကူပြုလုပ်ငန်းများ၊ ဆက်သွယ် ရေးလမ်း၊ ယာဉ်ရပ်နားစခန်း၊ လမ်း အသုံးပြုခ ကောက်ခံရေးစခန်းများ ဆောက်လုပ်မည့်အခြေအနေနှင့်လုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြ သည်။

ဆက်လက်၍ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းမှ ဒုတိယဦးဆောင်ညွှန်ကြား ရေးမှူး(လုပ်ငန်း) ဦးတင့်ဆန်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် သာဂရ-စီလမ်းဆုံ ၂၉မိုင်၊ စီလမ်း ဆုံ-နေပြည်တော်(ပန်းတင်) ၁၉မိုင် စုစုပေါင်း သာဂရမှ နေပြည်တော် (ပန်းတင်)၄၈မိုင်လမ်းပိုင်း ဆောင်ရွက် ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်း ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြ သည်။

တံတားလုပ်ငန်း

ယင်းနောက် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီး တင့်အောင်က စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးက တာဝန်ယူဆောင် ရွက်လျက်ရှိသည့် နေပြည်တော်- မန္တလေးလမ်းပိုင်း၏ ပန်းတင်-ပေပင် လေး-ကူကွဲရွာ လမ်းပိုင်း ၈၃မိုင်၌ လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ပြီးစီးမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဗီဒီယို ဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာ မှူးကြီးဦးသိန်းဇော်က ပြည်သူ့ဆောက် လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင် ရွက်လျက်ရှိသည့် နေပြည်တော်- မန္တလေးလမ်းပိုင်း၏ ကူကွဲရွာ-ပြင် စည်-စကား အင်းအဝိုင်းလမ်းပိုင်း ၄၈မိုင် ၅ဖာလုံ၌ လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းများ ပြီးစီးမှု အခြေ အနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဒုတိယ ဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း)ဦးတင့်ဆန်းက ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း အလိုက် အသုံးပြုခသတ်မှတ်မည့် အစီ အစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖောက်လုပ်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ် ကြသည့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင် မြင့်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်သန်းငွေနှင့် ဦးဖေသန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ ဒုတိယတိုင်းမှူးများ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းဇော်၊ ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် ဗိုလ်မှူးချုပ်ဝင်းမြင့်တို့က ကဏ္ဍ အလိုက်ပံ့ပိုး ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက တင်ပြ ချက်များနှင့်စပ်လျဉ်း၍ ပြန်လည် သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ ကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေး သည်။

ပန်းတင်-ပေပင်လေး-ကူကွဲရွာ လမ်းပိုင်း မိုင်တိုင်(၂၄၆/၄)၌ တစ်ကြောင်းထိုး လမ်းဖောက်လုပ်ထားစဉ်။ (သတင်းစဉ်)

ပန်းတင်-ပေပင်လေး-ကူကွဲရွာ လမ်းပိုင်း မိုင်တိုင်(၂၄၆/၄)၌ မြေကြီးလုပ်ငန်း ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)သည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(ပန်းတင်)အထိ ၂၂၁ မိုင်၁ဖာလုံ၊ အပိုင်း(၂)သည် နေပြည်တော် (ပန်းတင်)မှ မန္တလေး စကားအင်းအဝိုင်းအထိ ၁၃၁မိုင် ၅ဖာလုံ စုစုပေါင်း ၃၅၂မိုင် ၆ဖာလုံ ရှည်လျားပြီး လမ်းနယ်အကျယ် ပေ ၃၆၀၊ တစ်ဖက်လျှင် လေးလမ်းသွားဖြင့် ရှစ်လမ်းသွား ကွန်ကရစ်လမ်းဖြစ်ကာ လမ်းလယ်ကျွန်း အကျယ်ပေ ၃၀၊ အောက်ခံ ကွန်ကရစ်ထု ခြောက်လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ထု ၁၂ လက်မ၊ ခံနိုင်ဝန် တန် ၈၀ ဖြစ်။

မြို့ချောင်း-သာဂရလမ်းပိုင်း မိုင်တိုင်(၁၄၆/၀)ရှိ ရေအိုင်ကို လုပ်ငန်းမဆောင်ရွက်မီ တွေ့ရစဉ်။ (သတင်းစဉ်)

မြို့ချောင်း-သာဂရလမ်းပိုင်း မိုင်တိုင်(၁၄၆/၀)၌ လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည့်စုံစွာဆောင်ရွက်

ယင်းနောက် အတွင်းရေးမှူး(၁) စစ်ထောက်ချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို လုပ်ငန်းပိုင်းအလိုက် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်နှင့် အခြားဝန်ကြီးဌာနများကလည်း ပံ့ပိုးဆောင်ရွက်ပေးရန်ရှိသည်များကို အချိန်မီဆောင်ရွက်ပေးစေလိုကြောင်း၊ အမြန်လမ်းမကြီးဖြစ်သဖြင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း မောင်းနှင်နိုင်သော ယာဉ်များကိုသာ အသုံးပြုစေရန်၊ မိုင်တိုင်များကို အရှိန်ဖြင့် မောင်းနှင်စဉ် ထင်သာမြင်သာရှိအောင် ပြုလုပ်ထားရန်၊ Road Sign များကို လိုအပ်သည့်နေရာများတွင် စိုက်ထူပေးထားရန်၊ ယာဉ်များ အန္တရာယ်မဖြစ်စေရေးအတွက် ရှိသင့် ရှိထိုက်သည်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ပြည့်စုံစွာဆောင်ရွက်ပေးသွားရန် မှာကြားသည်။

အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ အပိုင်း(၁)သည် ရန်ကုန် အမှတ်(၃) လမ်းဆုံမှ နေပြည်တော်(ပန်းတင်)အထိ ၂၂၁ မိုင်၁ဖာလုံ၊ အပိုင်း(၂)သည် နေပြည်တော် (ပန်းတင်)မှ မန္တလေး စကားအင်းအဝိုင်းအထိ ၁၃၁မိုင် ၅ဖာလုံ စုစုပေါင်း ၃၅၂မိုင် ၆ဖာလုံ ရှည်လျားပြီး လမ်းနယ်အကျယ် ပေ ၃၆၀၊ တစ်ဖက်လျှင် လေးလမ်းသွားဖြင့် ရှစ်လမ်းသွား ကွန်ကရစ်လမ်းဖြစ်ကာ လမ်းလယ်ကျွန်း အကျယ်ပေ ၃၀၊ အောက်ခံ ကွန်ကရစ်ထု ခြောက်လက်မ၊ မျက်နှာပြင်လွှာ ကွန်ကရစ်ထု ၁၂ လက်မ၊ ခံနိုင်ဝန် တန်၈၀ ဖြစ်ကြောင်းသိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ပေ ၁၈၀ အထက် တံတား အသွား/အပြန် ၇၂ စင်း၊ ပေ ၅၀ အထက်နှင့် ပေ ၁၈၀ အောက်တံတား အသွား/အပြန် အစင်း ၂၀၀၊ ပေ ၅၀ အောက် တံတား အသွားအပြန် ၁၆၂ စင်း၊ Culvert Box ၈၈၄ စင်း၊ Under Pass ၇၅ စင်း၊ Rest Camp သုံးခု၊ လမ်းအသုံးပြုခ ကောက်ခံရေးစခန်း Toll Gate ငါးခုတို့ ပါဝင်သည်။

ကွန်ကရစ်လမ်းမကြီး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က ခွဲဝေ တာဝန်သတ်မှတ်၍ ခေတ်မီနည်းစနစ်များ အသုံးပြုကာ နိုင်ငံတကာအဆင့်မီ ရှစ်လမ်းသွား ကွန်ကရစ်လမ်းမကြီးအဖြစ် ဖောက်လုပ်လျက်ရှိသည်။

အဆိုပါ ရန်ကုန်-မန္တလေးလမ်းမကြီး၏ ရန်ကုန်-နေပြည်တော် လမ်းအပိုင်းကို ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၈ခုနှစ် မတ်လတွင် ရန်ကုန်မှ နေပြည်တော်အထိ One Way, Two Lane ပြီးစီးခဲ့ပြီး စမ်းသပ်အသုံးပြုလျက်ရှိရာမှ ယခုအခါ Two Way, Two Lane ပြီးစီးပြီ ဖြစ်သဖြင့် မကြာမီ တရားဝင် ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးကို ကြိုတင် ကာကွယ်မှုဖြင့် အနိုင်ယူပါ။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စားပွဲတင်တင်းနစ် အခြေခံသင်တန်းဖွင့်မည်

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် နွေရာသီအခြေခံစားပွဲတင်တင်းနစ်သင်တန်းကို မတ်၃ရက်မှ ဧပြီ၁၀ရက်အထိ အမျိုးသားရေကူးကန်ဝင်း ဦးဝိစာရလမ်း ဒဂုံမြို့နယ်တွင် ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ မတ် ၁ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်သိလိုပါက ဖုန်း-၀၁-၃၈၇၉၉၄နှင့် ၀၁-၃၈၇၉၉၅တို့သို့ ဆက်သွယ်နိုင်သည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information channel (i-channel)တို့ ပူးပေါင်း စီစဉ်မှုဖြင့် အင်တာနက်နှင့် အီးမေးလ်သင်တန်းကို မတ်၁၆ရက်၌ ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ ဖုန်း-၂၅၂၅၈၉ သို့ ဆက်သွယ်၍ မတ်၁၃ရက် နောက်ဆုံးထားစာရင်းသွင်းနိုင်သည်။

အင်းစိန် အလက (၄) မြတ်ဆရာပူဇော်ပွဲ

အင်းစိန် အလက(၄)၌ ပညာသင်ကြားပေးခဲ့ကြသော အငြိမ်းစား ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို မတ်၂၈ရက်(စနေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း-၆၅၃၅၁၆၊ ၆၄၁၁၄၂ တို့သို့ ဆက်သွယ်နိုင်သည်။

မြင်းခြံအသင်း နှစ်ပတ်လည် စည်းဝေးမည်

မြင်းခြံမြို့နယ်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၂ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၆၁၁၁၀၂နှင့် ၅၇၀၄၉၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကုန်သည်/စက်မှုအသင်းသား စုံညီစည်းဝေးမည်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးကို နေပြည်တော်ရှိ မြို့တော်ခန်းမ၌ မတ်၂၈ရက် (စနေနေ့) မွန်းလွဲ၁နာရီခွဲတွင် ကျင်းပရန်စီစဉ်ထားသည်။

နွေရာသီ ဂေါက်ရိုက်သင်တန်း ဖွင့်မည်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းလမ်းရှိ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်းနှင့် Han Golf Masters Academy တို့က နွေရာသီ မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်သင်တန်းများကို မတ်၉ရက် မှ စတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ အသေးစိတ်သိလိုပါက ဖုန်း-၀၁-၆၅၁၇၉၇ သို့ ဆက်သွယ်နိုင်သည်။

တောင်သူလယ်သမားနေ့ ဈေးကားဥယျာဉ်ဖွင့်မည်

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို ပြည်သူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူရန်အတွက် မတ်၂ရက် (တနင်္လာနေ့) တောင်သူလယ်သမားနေ့တွင် နံနက်၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်မည် ဖြစ်ကြောင်း သိရသည်။

အီလက်ထရွန်နစ် စာပေစိစစ်နှင့် မှတ်ပုံတင်စနစ်ကျင့်သုံးမည်

စာပေစိစစ်မှု ပြုလုပ်ရာတွင် အချိန်ကုန်သက်သာစေရန်နှင့် ကုန်ကျစရိတ် သက်သာစေရန်အတွက် အီလက်ထရွန်နစ် စာပေစိစစ်နှင့် မှတ်ပုံတင်စနစ် e-PSR ကျင့်သုံးရန်စီစဉ်ဆောင်ရွက်နေကြောင်း ဖေဖော်ဝါရီ ၂၀ရက်က စာနယ်ဇင်းပညာသင်တန်း (၁/၂၀၀၉)တွင် စာပေစိစစ်နှင့် မှတ်ပုံတင်ရေး ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

ဆရာဝန်အသင်း၌ သင်တန်းပို့ချမည်

မြန်မာနိုင်ငံ ဆရာဝန်အသင်းစဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ်(CME)မှ အထွေထွေရောဂါကု ဆရာဝန်များအတွက် ဆေးပညာသင်တန်းကို လာမည့် ဧပြီ၄ရက်မှ ဇွန်၂၁ရက်အထိ စနေ၊ တနင်္ဂနွေနေ့များတွင် မွန်းတည့်၁၂နာရီ မှ ညနေ ၃နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများ မတ်၂၄ရက်မှ ၂၅ရက်အတွင်း မြန်မာနိုင်ငံ ဆရာဝန်အသင်းသို့ ကိုယ်တိုင်စာရင်းပေးသွင်းနိုင်သည်။

အထက(၆)ဗိုလ်တထောင် အာစရိယပူဇော်ပွဲ

အထက(၆)ဗိုလ်တထောင်(စိန့်ပေါလ်)တွင်၁၉၆၅မှ၁၉၈၀အထိသုံးနှစ်ဆက်တိုက် ပညာသင်ကြားပေးခဲ့ကြသောမြတ်ဆရာများနှင့်၁၉၈၁မှ ၂၀၀၈ အထိ သက်ပြည့်အငြိမ်းစား ဆရာ ဆရာမများအား ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ။

စုစည်းရေးသားသူ - ဝင်းကျော် (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁-၃-၂၀၀၉ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ ခပေါင်းရေလှောင်တမံ
၈း၁၀ ၇။ **ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ**
ဆုပန်ထွာ၊ ပွင့်၊ ဝွမ်းပုံကြီး၊ ဟဲဗီးဖြိုး
(ဒါရိုက်တာ-ကြည်စိုးထွန်း)
၈း၂၀ ၈။ (၆၄)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၂၇)
၁၂း၁၀ ၅။ Golf Magazine(TV)
၁၂း၃၀ ၆။ မြန်မာဗီဒီယိုဇာတ်လမ်း **အိမ်ရှင်အိမ်ငှား**
မိုးဒီ၊မင်းသူ၊ မြို့တော်ချစ်ဖွယ်၊ မိုးပြည့်ပြည့်မောင်၊ခင်မို့မို့အေး
(ဒါရိုက်တာ-မောင်နန္ဒ)
၁၄း၂၅ ၇။ တေးဂီတအစီအစဉ်
၁၄း၃၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၄း၅၀ ၉။ International News

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း ပြိုင်ပွဲဆုရတေးများ
၄း၃၅ ၄။ ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ဇီဝဗေဒဘာသာရပ်)
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၆။ အဆိုပြိုင်ပွဲ
၅း၁၀ ၇။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅း၂၅ ၈။ ဆိုကြမယ်ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
၆း၅၅ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **လိမ်ဖယ်လိမ်ဖယ်ဖူးစာ**
ခင်မောင်ချင်း၊ရွှင်ပျော်၊ ဒိန်းဒေါင်၊ ရာဇာပေါက်စီ၊ စိန်ပန်းသီး၊ ဒါလီလင်း
[ဒါရိုက်တာ-ထင်ထင်း]
၇း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သောမေတ္တာ** (အပိုင်း-၂၃)
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကြမ္မာမုန်တိုင်း"** (အပိုင်း-၁၅)
၁၈။ အစီအစဉ်ပြီး၏။

ကသာ-ချောင်းဝ မီးရထားလမ်းပိုင်း ဆောင်ရွက်နေမှု တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဖေဖော်ဝါရီ၂၂ရက်တွင် စစ်ကိုင်းတိုင်း ကသာမြို့နယ်အတွင်း မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကသာ-ဗန်းမော် မီးရထားလမ်းစီမံကိန်း၏ ကသာ-ချောင်းဝ မီးရထားလမ်းပိုင်း ဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိ၍ စက်ယန္တရားများ အသုံးပြုကာ လမ်းဖောက်လုပ်ရေးဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း MAJA ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

မြန်မာနိုင်ငံ ဂျပန်ပြန်ပညာသင်ဟောင်းများအသင်း MAJA ၏ နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၅ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့်ရှိ Panda Hotel ၏ အပေါ်ဆုံးထပ်တွင် နံနက် ၉နာရီမှ စတင်ကျင်းပမည်ဖြစ်ပြီး အသင်းသား အသင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်းနှင့် အစည်းအဝေးပြီးလျှင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၈

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည် အစည်းအဝေးနှင့် ညီလာခံဗဟိုဦးစီးအဖွဲ့ အတွေ့အကြုံ ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ၁နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကဦးကျော်ဇေယျ(ကျော်ဇေယျ)၊ အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးလင်းဇော်ခိုင် (လင်းဇော်ခိုင်)က ဆောင်ရွက်သည်။

ဖတ်ကြား

အစည်းအဝေးတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဦးမောင်မောင်အေး (မောင်ဟေမာ) **(အပေါ်ပုံ)**၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်း(မောင်သက်အောင်)နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့် (ငြိမ်း) တို့က အမှာစကားပြောကြားပြီး အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုကြသည်။

တင်ပြ

စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဗဟို ဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံများကို ဗဟိုဦးစီးအဖွဲ့ဝင်များဖြစ်ကြသောဦးသန်းလွင်(မြင့်သူရ) နှင့် ဦးမြတ်စိုး(မြတ်စိုး-လှိုင်) တို့က ရှင်းလင်းတင်ပြခဲ့ကြသည်။

(၁၇၃)

● *ကျောဖုံးမှ*

အစိုးရနည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ အကျယ်အဝန်းမှာ ၄၁ဧက ကျယ်ဝန်းသည်။ ပင်မသုံးထပ်ဆောင် အဆောက်အအုံ၏ ဧရိယာမှာ ၁၃၈၂၈၆ စတုရန်းပေဖြစ်သည်။

အုတ်မြစ်ချခဲ့

အုတ်မြစ်တော်ချ မင်္ဂလာအခမ်းအနားကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်က သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးကိုယ်တိုင် တက်ရောက်၍ အုတ်မြစ်ချပေးခဲ့သည်။

ပါဝင်

အစိုးရနည်းပညာတက္ကသိုလ်(မိတ္ထီလာ)သုံးထပ်ပင်မဆောင်အဆောက်အအုံမှာ အလျား ၅၁၃ပေ၊ အနံ ၃၀၃ပေ၊ အမြင့် ၆၆ပေ ရှိပြီး စာသင်ခန်း ၃၈ခန်း၊ ရုံးခန်း သုံးခန်း၊ ကျောင်းအုပ်ကြီးရုံးခန်း တစ်ခန်း၊ ဘွဲ့နှင်းသဘင်ခန်းမကြီးတစ်ခန်းတို့ ပါဝင်သည်။

သင်ကြား

ယခုအခါ အစိုးရနည်းပညာတက္ကသိုလ် (မိတ္ထီလာ)မှာ လုံးဝဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ ၂၀၀၈ခု အောက်တိုဘာလမှစ၍ ကျောင်းသူကျောင်းသားများ ၂၂၀၀ကျော် တက်ရောက်ပညာသင်ကြားနေပြီ ဖြစ်ပါကြောင်းသတင်းမှတ်စု တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ကျောက်ပန်းတောင်းမြို့နယ်အသင်းနှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၈

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ်၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားတွင် ဂုဏဝိသိဋ္ဌပူဇော်ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်း ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊မရသည်ဖြစ်စေတက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများနှင့် ၂၀၀၈ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ထားသော အသင်းဝင်များ၏ သားသမီးများ အမှတ်စာရင်းမိတ္တူ အထောက်အထားပြည့်စုံစွာဖြင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးနေဝင်း(ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်သိန်း (ငြိမ်း) ဖုန်း-၀၉-၅၁-၄၇၉၀၄၊ တွဲဖက်အတွင်းရေးမှူးများဖြစ်သော ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆၊ ဦးသောင်းရွှေ ဖုန်း-၀၉-၉၉-၇၃၆၈၀ တို့သို့ အချိန်မီစာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

* *ကျောဖုံးမှ*

ရေပေးဝေနိုင်

ယခုကဲ့သို့ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မုံးရင်ဒေသတွင်လည်း ခံစားနေကြရပြီဖြစ်သည်။ မုံးရင်ဒေသတွင် နိုင်ငံတော်က ငွေကျပ် သန်း၁၆၉၀ ခန့် အကုန်အကျခံ၍ မုံးရင်ဆည်ကြီးကို ၂၀၀၈ခုနှစ် မေ ၃၁ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။ မုံးရင်ဆည်သည် မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့်ပေ ၁၀၀၊ အလျားပေ ၁၇၀၀ ရှိသည်။ နမ့်ဆွမ်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၂၅၉၀၀ရှိသည်။ ရေအားလျှပ်စစ်ပါ တပ်ဆင်အသုံးပြုနိုင်ပြီး ၁၂၅ကီလိုဝပ် စက်နှစ်လုံး တပ်ဆင်နိုင်သဖြင့် ၂၅၀ ကီလိုဝပ်ထုတ်ယူနိုင်မည်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ၂ဒသမ၂ ကီလိုဝပ် နာရီသန်းပေါင်းထုတ်ယူနိုင်မည်ဖြစ်သည်။ မုံးရင်ရေလှောင်တမံ၏ အမှတ်(၄) လက်တံမြောင်းကို ကုန်းမြင့်ပေါ်မှ တည်ဆောက်ပေးနိုင်သဖြင့် ယခုအခါ ဆည်ရေပေးဝေနိုင်မှုမှာ ဧက ၄၀၀၀ အထိ ပေးဝေနိုင်ပြီဖြစ်သည်။

တိုးချဲ့စိုက်ပျိုး

မုံးရင်ဒေသတွင် မုံးရင်(မိုင်းရင်) ကျေးရွာအုပ်စု၊ ဝိန်းနန်ကျေးရွာအုပ်စုနှင့် မန်ဆာလုံကျေးရွာအုပ်စု ဟူ၍ ရှိပြီး ကျေးရွာပေါင်း ၂၇ရွာရှိသည်။ ယခင်က မုံးရင်ဒေသတွင် နွေစပါး လုံးဝစိုက်ပျိုးနိုင်ခြင်းမရှိဘဲ ၂၀၀၆ခုနှစ်မှ စတင်၍ နွေစပါးဧက ၅၀၊ ၂၀၀၇ခုနှစ်တွင် ဧက ၁၅၀၊ ၂၀၀၈ခုနှစ်၌ ဧက ၅၀၀အထိ စိုက်ပျိုးလာနိုင်သည်။ မုံးရင်ဆည်ကြီး ပြီးစီးသွားသဖြင့် လယ်ယာမြေအသစ် ဧက၂၀၀၀ ထပ်မံဖော်ထုတ်ကာ မိုးစပါးသာမက နွေစပါးပါ တိုးချဲ့စိုက်ပျိုးလာနိုင်သည်။

လယ်ယာမြေအသစ်

မုံးရင်ဆည်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခင်ကမိုးရေကိုသာ

“ဆည်ပတ်ဝန်းကျင် ကျေးရွာများမှ စက်ယန္တရားများနဲ့ လယ်ယာမြေသစ်များ ဖော်ထုတ်ပေးနေပါတယ်”
ဦးညိုဝင်း (ညွှန်ကြားရေးမှူး)
အမှတ်(၁) ကုန်းမြင့်ဒေသ
လယ်ယာမြေဖော်ထုတ်ရေးစီမံကိန်း
စက်မှုလယ်ယာဦးစီးဌာန လားရှိုးမြို့။

အားကိုးပြီး စိုက်ပျိုးရသော လယ်မြေများ ဆည်ရေသောက်လယ်မြေများ ဖြစ်လာသည်။ ယခင်က လယ်ယာစိုက်ပျိုးရန် အသုံးမပြုနိုင်သော မြေနေရာများကို လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးခဲ့သည်။

ဝမ်းစာဖူလုံ

လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးမှုနှင့်ပတ်သက်၍ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁) ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းမှ ညွှန်ကြားရေးမှူး ဦးညိုဝင်းအား မေးမြန်းကြည့်ရာ **“အမှတ်(၁) ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းဟာ**

“နွေစပါးတစ်ခါမှ မစိုက်ဖူးခဲ့တဲ့ ကျုပ်တို့ အခု နွေစပါးစိုက်ပျိုးနေပြီလေ”
ဦးအောင်ပ (ဝိတ်နန်ကျေးရွာ)

“မိုးစပါးတင်မက နွေစပါးပါ စိုက်ပျိုးနိုင်လို့ ဝမ်းသာရ”
ဒေါ်ရွှေစာ
(ဝိတ်နန်ကျေးရွာ)

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှာ ရုံးဖွင့်ပြီး လယ်ယာမြေများ ဖော်ထုတ်ပေးနေပါတယ်။ ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ဒေသတွင် မုံးရင်ဆည် တည်ဆောက်ပြီးစီးသွားသဖြင့် အနီးဝန်းကျင် ဆည်ရေသောက်ကျေးရွာများတွင် စက်ယန္တရားများဖြင့် လယ်ယာမြေသစ်များ ဖော်ထုတ် လုပ်ကိုင်ပေးနေပါတယ်”ဟု ရှင်းလင်းပြောကြားသွားသည်။ ထို့နောက်

ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ဦးဘုန်းတင်အား မေးမြန်းကြည့်ရာ **“နမ္မတူမြို့နယ်အတွင်းရှိ ဝိတ်နန်ကျေးရွာ၊ မိုင်းရင်ကျေးရွာ၊ အထက်မန်တီး၊ အောက်မန်တီးကျေးရွာ၊ ကောင်းကဲကျေးရွာ၊ ခိုမကျေးရွာများအား ရေပေးဝေနေကြောင်း၊ ရေလှောင်တမံ တည်ဆောက် နိုင်ခြင်းကြောင့် မြေအချို့ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ပြီး ဒေသခံပြည်သူများ နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်သဖြင့် ဒေသဝမ်းစာ**

“နွေစပါးစိုက်ပျိုးရန် ရေပေးဝေနိုင်သဖြင့် ဒေသခံများ ဝမ်းမြောက်ပျော်ရွှင်နေကြပြီဖြစ်ပါတယ်”
ဦးဘုန်းတင်
(ဒုတိယညွှန်ကြားရေးမှူး) (မြို့ပြ)
ဆည်မြောင်းဦးစီးဌာန

ဖူလုံနေပြီဖြစ်ကြောင်း”ရှင်းလင်းပြောကြားသည်။

အလုပ်အကိုင်အခွင့်အလမ်း

ဆက်လက်၍ နှစ်ရှည်ပင်လုပ်ငန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်မန်နေဂျာအား မေးမြန်းကြည့်ရာ ဦးဝင်းလှိုင်ဦးက **“မုံးရင်ဒေသက နမ္မတူနဲ့ မိုင်၂၀လောက် ဝေးပါတယ်။ လားရှိုးကို သွားချင်ရင် နမ္မတူကတစ်ဆင့် သွားမှရပါတယ်။ အဲဒီလမ်းက မိုးတွင်းမှာ သိပ်မကောင်းဘူး။ ဒေသစီးပွားရေးက ရွှေ့ပြောင်းတောင်ယာ၊ ပဲ၊ ပြောင်းလောက်ပဲ စိုက်နိုင်ပြီး တောထဲက အပင်ခုတ်၊ မီးသွေးလုပ်ရောင်းကြတယ်။ ယခုလို မုံးရင်ဆည်ကြီး တည်ဆောက်လိုက်တဲ့အတွက် လားရှိုး-မိုင်းရင် ကားလမ်းပေါက်သွားပြီး မိုင်၂၀လောက်ပဲ သွားရတော့တယ်။ ဒေသခံတောင်သူတွေ နား၊ မျက်စိပွင့်သွားပြီး မိုးစပါး၊ နွေစပါးအပြင် ဟင်းသီးဟင်းရွက် စိုက်နိုင်ပါပြီ၊ ဆည်ကြီး ရေရှည်တည်တံ့ဖို့ ယခင်က ခုတ်လှဲခဲ့တဲ့ တောပျက်တွေ၊ တောင်ပျက်တွေ၊ တောင်ကတုံးတွေ နေရာမှာ ရော်ဘာပင်တွေ စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ရေဝေရေလဲ ထိန်းသိမ်းရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ စက်မှုကုန်ကြမ်း ထုတ်လုပ်နိုင်ရေးတို့ကို ရည်ရွယ်ပြီး မုံးရင်ဒေသဝန်းကျင် မြေလွတ်မြေရိုင်း ဧက ၂၀၀၀၀ကို ဖော်ထုတ်ပြီး ရော်ဘာစိုက်ဖို့ စီစဉ်နေပါပြီ။ လက်ရှိလည်း ဧက ၁၂၀၀ ခွင့်ပြုခဲ့ပြီး ဧက၆၀၀ စိုက်ပျိုးခဲ့ပါပြီ။ ဒေသခံများ ဆည်ကြီးကြောင့် သောက်သုံးရေ၊ စိုက်ပျိုးရေသာမက နှစ်ရှည်စိုက်ခင်းများ၊ ရာသီမရွေး စိုက်ပျိုးနိုင်တော့မှာဖြစ်လို့ အားလုံးဝမ်းသာ နေကြ**

ပါတယ်” ဟု မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

မုံးရင်ဒေသ ဝိတ်နန်ကျေးရွာမှ လယ်သမားကြီး ဦးအောင်ပက **“ကျွန်တော်တို့ ဒေသဟာ မိုးရေကိုပဲ အားကိုးပြီး စပါးစိုက်ပျိုးရာကနေ မုံးရင်ဆည်ကြီး ပြီးသွားလို့ ဆည်ရေနဲ့ မိုးစပါးတင်မကဘဲ ယခုလို နွေစပါးပါ တိုးချဲ့စိုက်ပျိုးနိုင်လို့ ဝမ်းသာရပါတယ်”** ဟု ဝမ်းသာအားရ ရှင်းပြသည်။

စိုက်ပျိုးနိုင်

ဆက်လက်၍ ဝိတ်နန်ကျေးရွာမှ လယ်သူမကြီး ဒေါ်ရွှေစာကလဲ **“နွေစပါးဆိုလို့ တစ်ခါမှမစိုက်ဖူးခဲ့တဲ့ ကျွန်မတို့ ဒေသမှာ မုံးရင်ဆည်ကြီးကြောင့် ယခု**

“ဒေသခံတွေမျက်စိပွင့်၊ နားပွင့်ပြီး မိုးစပါး၊ နွေစပါးအပြင် ဟင်းသီးဟင်းရွက်ပါ စိုက်နိုင်ကြပြီ”
ဦးဝင်းလှိုင်ဦး
(ပြည်နယ်မန်နေဂျာ)
နှစ်ရှည်ပင်လုပ်ငန်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)

နွေစပါးပါ စိုက်ပျိုးနိုင်ပြီ”လို့ ဝမ်းသာအားရ ရှင်းပြပါသည်။

မှန်ပါသည်။ မုံးရင်ဒေသသည် ယခင်က သဘာဝမိုးရေဖြင့် မိုးစပါးသာ စိုက်ပျိုးရာက ယခု မုံးရင်ဆည်ကြီး ပြီးသွားလို့ မုံးရင်ဆည်ရေဖြင့် မိုးစပါးသာမက နွေစပါးကို လယ်သမားကြီးများ တပျော်တပါး စိုက်ပျိုးနေကြပေပြီ။

မုံးရင်ဆည်ရေသောက်ဧရိယာဒေသတွင် နွေစပါးဧက ၁၀၀၀ စိုက်ပျိုးထားသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဆည်ကြီးအသစ်တစ်ခု တည်ဆောက်ပြီး လယ်မြေသစ်များစွာ ဖော်ထုတ်နိုင်ရန်မှာ မလွယ်ကူလှပါ။ အထူးသဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကဲ့သို့ ကုန်းမြင့်ဒေသတွင် ပို၍ ခက်ခဲမည် ဖြစ်သည်။ ဒေသခံ တောင်သူလယ်သမားများ၏ စိတ်အားထက်သန်မှု၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်၏ ကြီးကြပ်မှုနှင့် ဌာနဆိုင်ရာများ၏ ကြိုးပမ်းမှု၊ နိုင်ငံတော်အစိုးရ၏ တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ပြည်သူများအပေါ် ထားရှိသော မွန်မြတ်သည့် စေတနာများဖြင့် ဆောင်ရွက်ပေးမှုတို့ကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့နယ်တွင် မုံးရင်ဆည်ကြီး ဖြစ်တည်လာပြီး ဒေသခံလယ်သမားများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

နွေစပါးစိုက်ပျိုးရန် ဤသို့ လယ်ထွန်စက်ဖြင့် ထွန်ယက်မြေပြင်ကြသည်။ (မြန်မာ့အလင်း)

မုံးရင်ဆည်ရေသောက် ဝိတ်နန်ကျေးရွာတွင် ဤသို့ နွေစပါးစိုက်ပျိုးနေကြပြီ။ (မြန်မာ့အလင်း)

၁၉၈၈ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေး ရယူနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်း ဘက်စုံ ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် နိုင်ငံတစ်ဝန်း လမ်းတံတားများ လက်ယှက်ထိုး တည်ဆောက်ပေးခဲ့ပြီး ရေလိုသော ဒေသများတွင်လည်း ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ မကြာမီက ဖွင့်လှစ်ခဲ့သော ရခိုင်ပြည်နယ် ကျောက်တော် မြို့နယ်က ဇီးချောင်းရေလှောင်တမံ အပါအဝင် ဆည်၊ တမံပေါင်း ၂၁၉ခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့။

အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်တွင် ရွှေဆိုင်း(မြိုင်ကြီးငူ)ကို အနိုင်ရရှိသွားသော ရန်ကြီးအောင်(မြို့တော်စည်ပင်)။ (မြန်မာ့အလင်း)

■ *ကျော်ဖုံးမှ*

ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ယနေ့ညနေ ၃နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပခဲ့ရာ ပထမတန်း ဒဂုံ ရွှေအောင်လံ အကြိုဗိုလ်လုပွဲ အဆင့်တွင် တွေ့မရှောင်(KLN)က ဝင်းထွန်း(လယ်ယာ/ ဆည်မြောင်း)အား တတိယအချီ၌ အလဲထိုး၍ လည်းကောင်း၊ အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲအဆင့်တွင် ရန်ကြီးအောင် (မြို့တော်စည်ပင်)က ရွှေဆိုင်း(မြိုင်ကြီးငူ) ကို အမှတ်(၂-၁)ဖြင့် လည်းကောင်း အနိုင်ယူ၍ ဧပြီ ၄၊ ၅ ရက်တွင် ကျင်းပမည့် ဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီဖြစ် သည်။

ယနေ့ကျင်းပသည့် ဒဂုံရွှေအောင်လံ ပြိုင်ပွဲကြီးကို ပရိဂျက်တာဖြင့် Liveလွှင့်ထုတ်ပြသခြင်း၊ လက်ဝှေ့သမားများကို ကော်ဇောနီခင်းထားသော လျှောက်လမ်းပေါ်တွင် ကြိုးဝိုင်းသို့ဆလိုက်မီးမောင်းများ၊ ရောင်စုံမီးခိုးများကြားမှဖြတ်၍ လာရောက်စေခြင်း၊ ပြိုင်ပွဲကြီးအတွက် သီးသန့်တေးသီချင်းရေးစပ်သီဆိုစေခြင်း၊ စတော်မတိုက်မီ အပျိုတော်အကဖြင့်ပြိုင်ပွဲကို ဖွင့်လှစ်ခြင်းအပါအဝင် ရိုးရာလက်ဝှေ့ပြိုင်ပွဲသမိုင်းတွင် အခမ်းအနားဆုံး၊ အဆန်းပြားဆုံးဖြစ်စေရန် စီစဉ်ကျင်းပခဲ့ကြောင်း တွေ့ရှိရသည်။

စိန်ခေါ်ပွဲ

လက်ဝှေ့ပွဲများကို ပွဲစဉ်ပေါင်း ကိုးပွဲဖြင့် ကျင်းပရာ အထူးလေးချီစိန်ခေါ်ပွဲသုံးပွဲ၊ သီဟရာဇာ(ရက္ခပုာလ)က ငယ်ဆူး(မြန်မာသွေးသစ်)ကို ဒုတိယအချီ ၂မိနစ် ၂စက္ကန့်တွင် ညာဝိုက်လက်သီးဖြင့် အလဲထိုးခဲ့ပြီး လှစ်လှစ်လေး(သူရဲကောင်း)နှင့် ရွှေရဲလေး(အဖြူရောင်သွေးသစ်)တို့ သရေပွဲဖြစ်ခဲ့သည်။ ထို့နောက် ထွန်းလူ (တိုက်ဂါး)က စောကရင်(မိုးသောက်ကြယ်)ကို ဒုတိယအချီ ၂မိနစ် ၂စက္ကန့်၌ အလဲထိုးလိုက်သည်။

ငါးချီစိန်ခေါ်ပွဲ

အထူးငါးချီစိန်ခေါ်ပွဲများတွင် ပအိုဝ်းလေး (အလင်းရောင်)က ကျော်ခေါက်(ဒေါင်းမြန်မာ)ကို ဒုတိယအချီ ၂မိနစ်၅၃ စက္ကန့်၌ ကပ်ဖိသတ်ကွက်ဖြင့် အနိုင်ယူလိုက်သည်။ စိုးလင်းဦး(တောင်ကလေး)နှင့် သပြေညို (ဘိလပ်မြေစက်ရုံ)တို့ ချုပ်ဒူးချင်းဖလှယ်၊ တံတောင်ချင်း အပြိုင်ရိုက်၍ တိုက်စစ်ကို တိုက်စစ်ဖြင့် ရိုက်ချိုးရန် ကြိုးစားကြသော်လည်း အသည်းကောင်းကြသူချင်းမို့ သရေပွဲဖြစ်သွားသည်။ ဒိန်း(မြန်မာသွေးသစ်)က အလုံးအရပ်အသာ၊ ပါဝါ ညာလက်သီးအားကိုးဖြင့် ပွဲဖြတ်ရန် ကြိုးစားသော်လည်း ရွှေသိန်းအောင်(နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)၏ ပြင်းထန်သောအောက်ခြေပိုင်းကန်ချက်များ၊ တံတောင်ရိုက်ချက်များကို ခံစားရပြီး တတိယအချီ ၁မိနစ်၄၅စက္ကန့်၌ အလဲထိုးခံလိုက်ရသည်။

မွန်ပြည်နယ် လမိုင်းမြို့နယ် မောင်ပြင်ကျေးရွာတွင် ရှုံးပွဲကြုံခဲ့သောကြောင့် မကျေပွဲ တောင်းဆိုစိန်ခေါ်လာသော မင်းထက်ကျော်(တိုက်ဂါး)သည် ဒုတိယအချီ ၁မိနစ်၁၅စက္ကန့်၌ပင် စစ်သွေး (ဘိလပ်မြေစက်ရုံ)၏ ဘယ်ပတ်ခြေအမြင့်ကန်ချက် (Round Kick) မေးရိုးထိ၍ အနားတောင်းလိုက်ရသည်။ ဆက်လက်ယှဉ်ကြရာ ချုပ်ဒူးချင်း၊ တံတောင်ချင်း၊ ထပ်ဒူးချင်းဖလှယ်၍ လေထဲ၌ ဗလာဒူးချင်းဆိုင်ကာ ဘယ်ညာတွဲလုံး ချင်းပါ အပြိုင်ထိုးကြသောကြောင့် ပရိသတ်အကြိုက်ပွဲ ဖြစ်ခဲ့သည်။ သို့ရာတွင် ဝိတ်တန်းအနည်းငယ်မာ၍ ခွန်အားပိုကောင်းကာ ထိုးလုံးသတ်ပေါက်လည်းစုံသော စစ်သွေး၏ ချုပ်ဆွဲလွှင့်ပစ်ခြင်း၊ ထပ်ဒူးအပိုင်တိုက်ခြင်းများကြောင့် မင်းထက်ကျော် တဖြည်းဖြည်း အနိမ့်ဘက်ရောက်လာသည်။ ပဉ္စမအချီ ၂ မိနစ် ၄၉ စက္ကန့်တွင် သက်လုံပန်းသွားသော မင်းထက်ကျော်ကို စစ်သွေးက အပိုင်ချုပ်၍ ဘယ်ဒူး လေးချက်ဆင့်တိုက်ကာ ပွဲသိမ်းလိုက်သည်။ မင်းထက်ကျော်သည် အလဲထိုးခံ ရှုံးနိမ့်ခဲ့သော်လည်း ဝပ်ချခြင်း၊ ဖြုတ်ချခြင်း၊ ထိုးအိပ်ခြင်း မရှိဘဲအသည်းမာမာဖွဲ့ပါပါဖြင့် ပညာရှိသလောက် အသည်းချင်းပေါက်သွားသည့်အကောင်းဆုံး အရှုံးသမားဖြစ်သည်။ စစ်သွေးသည်ပင် ပွဲချိန်အတွင်း၌ အကျပ်အတည်းကြုံသည့် အခါ ဝပ်ချခြင်း၊ ထိုင်ချခြင်းများ ပြုလုပ်ခဲ့သေးသည်။

အကြိုဗိုလ်လုပွဲ

ပထမတန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပထမနေ့ပွဲစဉ်အဖြစ် တွေ့မရှောင် (KLN)နှင့် ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)တို့ ယှဉ်ကြသည့်ပွဲက ပရိသတ်များ ကြိုတင်တွက်ဆထားသည့်အတိုင်း ပွဲကြမ်းပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ တွေ့မရှောင်က သူ၏ထုံးစံအတိုင်း ဝင်းထွန်း၏ လက်သီးများကို မရှောင်တမ်းတိုးဝင်ကာ အနီးကပ်ဘယ်ညာဝိုက်လက်သီးများသုံးသဖြင့် ဝင်းထွန်းအမှတ်စဉ်ရေရသေးသည်။ သို့သော် ဝင်းထွန်း၏ လျင်မြန်သေသပ်သော ဘယ်ညာတွဲလုံးများကလည်း တွေ့မရှောင်ကို အထိနာစေသည်။ တွေ့မရှောင်က ဘယ်လက်ကိုဆန့်ထုတ်၍ ရှေ့တိုးလိုက်ရင်း ညာတံတောင်အပိုင်ရိုက်ရန်ကြိုးစားရာ ဝင်းထွန်းက ပင့်လက်သီးများ၊ ဘယ်ပတ်ခြေကန်ချက်များဖြင့် တားဆီးသည်။ ဝင်းထွန်း၏ပင့်လက်သီး၊ ဖြောင့်ပင့်လက်သီးများက တွေ့မရှောင်မျက်နှာကို အပိုင်ထိသော်လည်း တွေ့မရှောင်ကအနာခံ၍ အတင်းဝင်ကပ်ကာ အရိုက်ထဲသို့ဘယ်ညာတွဲလုံးအတိုဖြင့်နှိုက်သည့်အတွက် ဒုတိယအချီပြီးရန် ၁၆စက္ကန့်အလို၌ ဝင်းထွန်းအနားတောင်းလိုက်ရသည်။ ဝင်းထွန်းသည် တွေ့မရှောင်၏ နွားသိုးကြိုးပြတ်တိုက်စစ်အား တန့်မခံနိုင်ဘဲ ဝပ်ချသည်များရှိခဲ့သည်။

တတိယအချီ

တတိယအချီတွင် သက်လုံလျော့လာသော ဝင်းထွန်းက လေထဲခုန်၍ ညာတံတောင်ထဲတွင် တစ်ကိုယ်လုံးအားထည့်လျက် တစ်ချက်ကောင်းအပိုင်ရိုက်ချက်ကြောင့် တွေ့မရှောင်ငိုင်သွားသေးသော်လည်း ကြမ်းပြင်ပေါ်အားလွန်ကျနေပြီဖြစ်သော ဝင်းထွန်းအနေဖြင့် ထိုအခွင့်အရေးကို အသုံးချခွင့်မရခဲ့ချေ။ လက်သီးချင်းဆိုင် တံတောင်ချင်းအားပြိုင်ချက်များကြောင့် နှစ်ဦးစလုံးနားထင်ကိုယ်စီကွဲကာ ကြိုးဝိုင်းဆရာဝန်ထံ ဆေးစစ်ချက်ခံယူကြရသည်။ ဆရာဝန်၏ ခွင့်ပြုချက်ဖြင့် ဆက်လက်ထိုးသတ်ကြရာ သက်လုံကျပြီး ထိုးလုံးကုန်သွားသော ဝင်းထွန်း သိသိသာသာ အနိမ့်ဘက်ရောက်လာသဖြင့် တွေ့မရှောင်က ပို၍အနာခံပြီး ဝင်လျက် တတိယအချီ တစ်မိနစ် ၂၄ စက္ကန့်တွင် ချုပ်လှည့် ညာဒူးတိုက်ကာ ပွဲသိမ်းလိုက်သည်။ ယခုပွဲ အပါအဝင် ၄င်းတို့ နှစ်ဦး ငါးကြိမ်ယှဉ်ပြိုင်မှု၌ တစ်ပွဲသရေကျပြီး တွေ့မရှောင် လေးပွဲအနိုင်ရ မှတ်တမ်း၌

စစ်သွေး(ဘိလပ်မြေစက်ရုံ)၏ ညာခြေကန်ချက်ကို မင်းထက်ကျော်(တိုက်ဂါး)က ဤသို့ ရှောင်တိမ်းနိုင်ခဲ့သည်။ (မြန်မာ့အလင်း)

ယခုပွဲက တွေ့မရှောင် အနာခံ အရင်းဆုံးသော ပွဲဖြစ်သည်။ ယခုပွဲ အနိုင် ရရှိသဖြင့် တွေ့မရှောင်သည် ယနေ့(တနင်္ဂနွေနေ့) ညနေ ယှဉ်ပြိုင်ကြမည့် ထွန်းထွန်း(အဖြူရောင်သွေးသစ်)နှင့် စောဂပရေမှူး(တွံတေး) တို့ပွဲမှ အနိုင်ရရှိသူနှင့် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ရမည် ဖြစ်သည်။

နောက်ဆုံးပွဲစဉ်

နောက်ဆုံးပွဲစဉ်ဖြစ်ပြီး အလွတ်တန်း ဒဂုံရွှေအောင်လံ အကြိုဗိုလ်လုပွဲ ပွဲစဉ်လည်း ဖြစ်သော ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့် ရန် ကြီးအောင်(မြို့တော်စည်ပင်) တို့ပွဲက ၄င်းတို့နှစ်ဦး ပထမအကြိမ် ရင်ဆိုင်ခဲ့ကြသော အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ် (၄)ကဲ့သို့ပင် အကဲစောင့်ချိန်ကြာပြီး အပူးအချုပ်များနေသဖြင့် ကြိုးဝိုင်းဒိုင် ဦးမြင့်ဝေက သတိပေးရသည်။ ရွှေဆိုင်းက ညာလက်သီးတစ်လုံး အပိုင်ထိုးရန် ကြိုးစားသကဲ့သို့ ရန်ကြီးအောင်ကလည်း လက်သီးနှစ်လုံးထက် ပိုမထွက်ဘဲ ရှိနေသည်။ လူချင်းအပူးတွင် ရွှေဆိုင်းက ကြမ်းပြင်ပေါ်သို့ ဘားတိုက်ဆွဲရိုက်လှဲခြင်း၊ နောက်သို့ လှန်၍ ဖွပ်ချခြင်းများ ပြုလုပ်သော်လည်း ပွဲသိမ်းလောက်သည်အထိ မစွမ်းခဲ့ချေ။ ရန်ကြီးအောင်က ဘယ်ထောက်နှင့် ညာဖြောင့်တွဲသော်လည်း ရွှေဆိုင်းက ဘယ်ထောက်ကိုပင် မသုံးတော့ဘဲ ဘယ်ဆန့်တိုးဝင်ကာ ညာဖြောင့် တစ်လုံးကို အားကုန်ကျုံးသည်။ တတိယအချီမှစ၍ ကြိုးဝိုင်းဒိုင်က အပူးမခံဘဲ ပူးသည်နှင့် ဖျင်၍ ပြန်တည့်ပေးသဖြင့် ရွှေဆိုင်းသက်လုံကျလာသည်။ ထို့ပြင် ရန်ကြီးအောင်၏ ညာလက်သီးကြောင့် ဘယ်မျက်ခမ်းအောက် ကွဲသဖြင့် ဆေးစစ်ချက်ခံယူရသော်လည်း ဆက်လက်ထိုးသတ်ခွင့်ရသည်။လက်သီးပါဝါချင်းတွင် ရွှေဆိုင်းက သာသော်လည်း ပွဲသိမ်းထိချက်မျိုး မထိုးနိုင်ခဲ့ချေ၊ ရန်ကြီးအောင်ကလည်း ရွှေဆိုင်း သက်လုံအကျတွင် ပွဲဖြတ်နိုင်သော "နှင်ချီ" မရှိသည့်အတွက် ငါးချီပြည့်ကာ အမှတ်ဖြင့် ဆုံးဖြတ်သည့်အဆင့်ရောက်သွားသည်။ အမှတ်ပေး ဒိုင် သုံးဦးအနက် နှစ်ဦးက ရန်ကြီးအောင်ကို အနိုင်ပေးသဖြင့် ယနေ့ ညနေ ယှဉ်ပြိုင်ကြမည့် လုံးချောနှင့် စောငမန်းတို့ တွဲဆိုင်းမှ အနိုင်ရသူနှင့် ရန်ကြီးအောင်တို့ ဗိုလ်လုပွဲ၌ တွေ့ဆုံယှဉ်ပြိုင်ရတော့မည် ဖြစ်သည်။

ယနေ့ မတ် ၁ရက် ညနေ ၃ နာရီတွင်လည်း ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးကို ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ အလွတ်တန်းနှင့် ပထမတန်းအောင်လံ အကြိုဗိုလ်လုပွဲ နှစ်ပွဲနှင့်အတူ နိုင်ထူးလွင်(တောင်ကလေး)နှင့် စွမ်းအားရှင်(နှစ်ရှည်ဥယျာဉ်)၊ ကျန်စစ်အောင်(မြို့တော်စည်ပင်)နှင့် စစ်အောင် (နှစ်ရှည်ပင်)၊ ဒေါင်းသည်းခြေ(နှစ်ရှည်ဥယျာဉ်)နှင့် ရှုမဝ(ဒေါင်းမြန်မာ)၊ ဘနှစ်လေး(အလင်းရောင်)နှင့် ဝမ်းတူး (ဒေါင်းမြန်မာ)တို့၏ ငါးချီ စိန်ခေါ်ပွဲများ ပါဝင်မည် ဖြစ်ပြီး လေးချီ အထူးပွဲ သုံးပွဲလည်း ယှဉ်ပြိုင်ထိုးကြမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)



ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

ဘင်နီတက်ဇ် အမှတ်ဗလာဖြင့် အိမ်ပြန်ခဲ့ရ ချယ်လ်ဆီးတို့ နောက်ကျဂိုးဖြင့် နိုင်ပွဲရ

ဖောင်ပိတ်အားကစားသတင်း မောင်ချစ်ကြည်

လန်ဒန် ဖေဖော်ဝါရီ ၂၈

ပရီမီယာလိဂ်ပွဲစဉ်(၂၇)ကို ဖေဖော်ဝါရီ ၂၈ရက်က ဆက်လက်ယှဉ်ပြိုင်ရာ လီဗာပူးတို့ အဝေးကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးပွဲကြုံတွေ့ခဲ့ပြီး ချယ်လ်ဆီးက အိမ်ကွင်း၌ ဝီဂန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မစ်ဒယ်ဘရော့အတွက် အဖွင့်ဂိုးကို အလွန်ဆို(ဝဲ)နှင့်ထိကာ လီဗာပူးဘက်သို့ ဤသို့ ဂိုးဝင်သွားခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

မစ်ဒယ်ဘရော့နှင့်လီဗာပူး

မန်ယူကိုဖိအားပေးရေး နိုင်ပွဲရရန်လိုအပ်နေသောလီဗာပူးကို မစ်ဒယ်ဘရော့တို့က အိမ်ကွင်း၌ စိတ်ဓာတ်ပြင်းပြင်းဖြင့်ကစားသဖြင့် လီဗာပူးတို့ ထင်တိုင်းမပေါက်ဖြစ်ခဲ့ရသည်။ ဒရက်ကွတ်၊ ဘာဘယ်နှင့် ဂျရတ်တို့ ပါဝင်ကစားခဲ့သောလီဗာပူးတို့ ပထမပိုင်းပွဲချိန်အတော်များများ ဖိကစားနိုင်ခဲ့သည်။ သို့သော် လီဗာပူးတိုက်စစ်မှူးများ၏အပိုင်ကန်သွင်းချက်သုံးကြိမ်ကို မစ်ဒယ်ဘရော့ဂိုးသမားဘရက်ဂူရန်းစ် ကာကွယ်သွားနိုင်ခဲ့သည်။ ပွဲချိန်၃၁ မိနစ်၌ မစ်ဒယ်ဘရော့ကွင်းလယ်ကစားသမားဒေါင်းနင်း ဂိုးရှေ့ကန်တင်လိုက်သည့်ဘောလုံး အလွန်ဆိုနှင့်ထိကာ ဂိုးဝင်သွားသဖြင့် မစ်ဒယ်ဘရော့တို့ ပထမပိုင်းပွဲချိန်အတွင်း တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

လီဗာပူးတို့ ဒုတိယပိုင်းပွဲချိန်အတွင်း ချေပဂိုးရရှိရေးကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောလျက်ရှိရာ ပွဲချိန် ၆၃ မိနစ်၌ မစ်ဒယ်ဘရော့ တိုက်စစ်မှူး အလီရာဒီယေး ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး တွန်ဂေးဆန်လီက ညာခြေဖြင့် အနီးကပ် ကန်သွင်းခဲ့သဖြင့် လီဗာပူးတို့ နှစ်ဂိုးပြတ်ရှုံးနိမ့်ကာ ဘင်နီတက်ဇ်အမှတ်ဗလာဖြင့် အိမ်ပြန်ခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီးနှင့် ဝီဂန်

စတန်းဖို့ဘရစ်၌ ဝီဂန်တို့ ချယ်လ်ဆီးကို ခြေရည်တူကစားနိုင်ခဲ့သည်။ ကာလူး၊ ဒရော့ဘာ၊ အနယ်လ်ကာ၊ ဘောလက်နှင့် လမ်းပတ် စသည့် အမာခံ ဘောလုံးသမားအကုန်ထုတ်ကာ အိမ်ကွင်း၌ ဝီဂန်ကို အသာစီးမှကစားရန် ကြိုးစားခဲ့သည်။ ချယ်လ်ဆီးတို့ ဝီဂန်နောက်တန်းကို အကြိမ်ကြိမ် ဖြတ်ကျော်နိုင် ခဲ့ရာမှ ၂၅ မိနစ်၌ တယ်ရီက ဝီဂန်ဂိုး ဧရိယာအစပ်မှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ အဖွင့်ဂိုး ရရှိခဲ့သည်။ သို့သော်ဝီဂန်တိုက်စစ်မှူး ဇာကီ၊ ကာပိုနှင့် ဘရောင်းတို့၏ အပိုင်ကန်သွင်းမှုများကိုလည်း ပီတာချက် ကာကွယ်ခဲ့ရသည်။



ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို နောက်ခံလူတယ်ရီက ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ပွဲရ

သို့ရာတွင် ပွဲချိန် ၈၂မိနစ် အရောက်၌ ဝီဂန်ခံစစ်မှူး ဖီဂွယ်ရိုရာ ဖြတ်ပေးလိုက်သည့် ဘောလုံးကို ကာပို အနီးကပ် ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုးစီသရေဖြစ်နေခဲ့သည်။သို့သော် မိနစ် ၉၀၌ ဘောလက် ခေါင်းတိုက်ပြီးထွက်လာသည့် ဘောလုံးကို လမ်းပတ် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ချယ်လ်ဆီးတို့ နောက်ကျဂိုးဖြင့်ကံကောင်းထောက်မစွာ နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

အာဆင်နယ်နှင့် ဖူလ်ဟမ်

အာဆင်နယ်တို့ အိမ်ကွင်း၌ ဖူလ်ဟမ်ကို အနိုင်မကစားနိုင်ခဲ့ချေ။ ဂိုးသွင်းခွင့်အခွင့် အရေးများရရှိသော်လည်း အာဆင်နယ် တိုက်စစ်မှူးများ ကန်ချက်မပိုင်ခဲ့မှုကြောင့် ဖူလ်ဟမ်နှင့် ဂိုးမရှိ သရေပွဲဖြစ်ကာ တစ်မှတ်စီခွဲယူခဲ့ကြခြင်းဖြစ်သည်။

အဲဗာတန်နှင့် ဝက်စ်ဘရွန်းတို့ပွဲတွင်မူ အဲဗာတန်က နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

(အင်တာနက်)

မူးယစ်ကင်းစင် အလှဆင်

အင်တာနက်ကျန်းမာရေး

ဟင်းသီးဟင်းရွက်စားသုံးမှု နည်းလာခြင်းကြောင့် လေဖြတ်ခြင်းဝေဒနာများ တိုးမြင့်လာ

ယနေ့လူမှုအဖွဲ့အစည်းအတွင်း ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်မှုနည်းလာသောကြောင့် လူတို့တွင် ကျန်းမာရေးချို့ယွင်းမှုများ ဖြစ်ပေါ်လာပြီး ရောဂါဘယ ထူပြောလာရကြောင်း ဗြိတိသျှသုတေသန ပညာရှင်များက သုံးသပ်ပြောကြားသည်။

ဆေးလိပ်နှင့်အရက်သောက်သုံးမှု များလာခြင်း၊ ဟင်းသီးဟင်းရွက်စားသုံးမှု တဖြည်းဖြည်းနည်းလာကာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်မှုဦးရေ လျော့နည်းလာခြင်းတို့ကြောင့် သွေးတိုး၊ နှလုံး၊ ဆီးချိုစသည့် ရောဂါတို့အပြင် လေဖြတ်ခြင်းဝေဒနာများ ပိုမိုခံစားကြရသည်ဟု ဆိုသည်။

ခံစားရ

ငယ်ရွယ်စဉ်ကပင် ဟင်းသီးဟင်းရွက် စားသုံးမှုနည်းခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်မှုမရှိခြင်းတို့သည် အသက် ၄၀နှင့်၅၀အကြား သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းရောဂါတို့ ခံစားရနိုင်ကြောင်း သိရသည်။

တိုးမြင့်

အမျိုးသား၊ အမျိုးသမီး ၇၈၂၂ ဦးကို နှစ်အတန်ကြာ သုတေသနပြုခဲ့ရာ ရုတ်တရက် လေဖြတ်ခံရသူ နှစ်စဉ် ၂၃သမ၄ရာခိုင်နှုန်း တိုးမြင့်လာလျက်ရှိကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး နွားနို့ပန်းကန်လုံး

ချက်သမ္မတနိုင်ငံ ပါရာဂွေးမြို့တွင် ချက်နိုင်ငံသားတစ်ဦး တီထွင်ထုတ်လုပ်ထားသော ပန်းကန်လုံးကြီးတစ်လုံးမှာ နွားနို့လီတာပေါင်း ၁၇၀၀ ခန့် ထည့်ထားနိုင်သည်အထိ ကြီးမားရာ ကမ္ဘာပေါ်၌ အကြီးဆုံး ပန်းကန်လုံးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (ဓါတ်ပုံ) ယခင်က ဂင်းနက်စ်မှတ်တမ်းတင်ထားသည့် ပန်းကန်လုံးမှာ နွားနို့လီတာပေါင်း ၁၂၅၀ ထည့်နိုင်သည့် အီတလီနိုင်ငံသားနှစ်ဦး ပြုလုပ်ထားသော ပန်းကန်လုံး ဖြစ်သည်။

(အင်တာနက်)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အရှည်ဆုံး ချောကလက် အီကလဲယားမုန့်

ဗြိတိန်နိုင်ငံ လီဆက်စတာမြို့တွင် လူအယ်လန်နှင့် မီချယ်လာအမည်ရှိ အမျိုးသမီးနှစ်ဦးက အရှည် ၁၁ ပေ ၁၀ လက်မရှိသော ချောကလက် အီကလဲယားမုန့်ကြီးတစ်ခုကို အချိန် လေးနာရီအတွင်း အပြီးပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်၌ အရှည်ဆုံး ချောကလက် အီကလဲယားမုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(ယာပုံ)**

(အင်တာနက်)

မွန်တီနီဂရိုး သမ္မတနိုင်ငံ ဆိုသည်မှာ ....

သတင်းအက်ဆေး

မွန်တီနီဂရိုးသမ္မတနိုင်ငံသည် ဥရောပတိုက် အနောက်တောင်ပိုင်းတွင် တည်ရှိသည်။ ၂၀၀၆ ခုနှစ် မေလတွင် ပြည်သူ ၅၅ ရာခိုင်နှုန်းက လွတ်လပ်ရေး အလိုရှိကြသည့်အတွက် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။

ဆားဘီးယားနှင့် မွန်တီနီဂရိုး ပြည်ထောင်စုမှ မွန်တီနီဂရိုးနိုင်ငံ ခွဲထွက်လိုက်ခြင်းဖြစ်သည်။ ဆားဘီးယားနှင့် မွန်တီနီဂရိုး ပြည်ထောင်စုသည်ပင်လျှင် ယခင်ယူဂိုဆလားဗီးယား ပြည်ထောင်စု၏ နောက်ဆုံးကျန်သည့် ပြည်ထောင်စုအဖြစ် သုံးနှစ်ကြာ ရပ်တည်ပြီးနောက် မွန်တီနီဂရိုးနိုင်ငံက ယင်းသို့ ခွဲထွက်လိုက်ခြင်းဖြစ်သည်။

အသိအမှတ်ပြု

၁၅ ရာစုမှ ၁၈ရာစုအထိ ဤနိုင်ငံသည် အော်တိုမန်အင်ပါယာမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ နိုင်ငံအဖြစ် ထိန်းသိမ်းထားသည်။ ၁၇၉၈ခုနှစ်တွင် မူအားဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခံရသည်။ ၁၈၇၈ ခုနှစ်တွင် နိုင်ငံတကာ စာချုပ်များအရ ဤနိုင်ငံ၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသည်။

၁၉၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီးအပြီးတွင် ဤနိုင်ငံသည် ဆာ့ဘ်၊ ခရိုအက်နှင့် ဆလိုဗင်းဘုရင့်နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၉၂၉ ခုနှစ်တွင် ဆာ့ဘ်၊ ခရိုအက်နှင့် ဆလိုဗင်းဘုရင့်နိုင်ငံကို ယူဂိုဆလားဗီးယား ဘုရင့်နိုင်ငံအဖြစ် အမည်ပြောင်းသည်။

၁၉၄၅ ခုနှစ်တွင် ဆားဘီးယား၊ ဆလိုဗေးနီးယား၊ မက်ဆီဒိုးနီးယား၊ ခရိုအေးရှား၊ ဘော့စနီးယား၊ မွန်တီနီဂရိုးတို့ကို ပေါင်းလိုက်ပြီး မာရှယ်တီးတိုး၏ လက်အောက်တွင် ယူဂိုဆလားဗီးယား ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံသစ် ဖြစ်လာသည်။ ၁၉၈၀ ပြည့်နှစ်တွင် သမ္မတတီးတိုး ကွယ်လွန်သည်။ ၁၉၉၁ခုနှစ်တွင် မီလိုဂျူကာနိုဗစ် မွန်တီနီဂရိုး ဝန်ကြီးချုပ် ဖြစ်လာသည်။

အရေးယူပိတ်ပင်

ဆလိုဗေးနီးယား၊ မက်ဆီဒိုးနီးယား၊ ခရိုအေးရှားနှင့် ဘော့စနီးယားတို့က ခွဲထွက်ကြစဉ် မွန်တီနီဂရိုးက ဆားဘီးယားနှင့် ပေါင်းစည်းရေးထောက်ခံပြီး ၁၉၉၂ခုနှစ်တွင် မွန်တီနီဂရိုးက ယူဂိုဆလားဗီးယား ပြည်ထောင်စုသမ္မတနိုင်ငံမှ ဆားဘီးယားနှင့် ပေါင်းလိုက်သည်။ အမျိုးသားရေးနှင့် လွတ်လပ်ရေးစိတ်ဓာတ်များကြောင့် ခရိုအက်နှင့် ဘော့စနီးယား မွတ်ဆလင်များနှင့် သွေးထွက်သံယို ပဋိပက္ခများဖြစ်ပွားသည်။ ကုလသမဂ္ဂက အရေးယူ ပိတ်ပင်သည်။

ဖယ်ရှား

၁၉၉၇ခုနှစ် မွန်တီနီဂရိုး သမ္မတရွေးကောက်ပွဲတွင် ဆားဘီးယားသမ္မတ မီလိုဆီဗစ်လိုလားသူကို ဂျူကာနိုဗစ်က အနိုင်ယူလိုက်သည်။ ၁၉၉၃ခုနှစ်တွင် ဤနိုင်ငံက ဂျာမန်မတ်ငွေကိုသုံးရန် နိုင်ငံသုံးဒီနာကို စွန့်လွှတ်သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဘဲဂရိတ်မှ အနောက်အုပ်စုလိုလားသူ ပြုပြင်ရေးသမားများက မီလိုဆီဗစ်အား ဖယ်ရှားလိုက်သည်။

၂၀၀၂ခုနှစ် မတ်လတွင် ယူဂိုဆလပ်၊ မွန်တီနီဂရိုးနှင့် ဆားဘီးယားခေါင်းဆောင်များက ယူဂိုဆလားဗီးယားအစား ဆားဘီးယားနှင့် မွန်တီနီဂရိုး ပြည်ထောင်စုနိုင်ငံဟုခေါ်သည့် နိုင်ငံသစ်ထူထောင်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။

၂၀၀၃ခုနှစ် ဇန်နဝါရီလတွင် ဆားဘီးယားနှင့် မွန်တီနီဂရိုးပြည်ထောင်စုဆိုင်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပဋိညာဉ်စာတမ်းကို နှစ်နိုင်ငံပါလီမန်တို့က အတည်ပြုသည်။ ထိုနှစ်မေလတွင် ဖိလစ်ဗူဂျာနိုဗစ်ကို သမ္မတအဖြစ် ရွေးချယ်လိုက်သည်။

ကြေညာ

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလတွင် မွန်တီနီဂရိုး ခေါင်းဆောင်များက ဆားဘီးယား ခေါင်းဆောင်များထံ စာရေးသား၍ နှစ်နိုင်ငံပေါင်းစည်းမှု ဆောလျင်စွာ အဆုံးသတ်ပြီး လွတ်လပ်သော သမ္မတနိုင်ငံ နှစ်နိုင်ငံထူထောင်ရေး တိုက်တွန်းသည်။ ဆားဘီးယား ဝန်ကြီးချုပ် ကော့စတူနီစာက လက်မခံ ပယ်ချသည်။ ၂၀၀၆ခုနှစ် မေလတွင် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပရာ ၅၅ရာခိုင်နှုန်းက လွတ်လပ်ရေးလိုလားကြောင်း မဲပေးသည်။ ထိုနှစ် ဇွန်လတွင် မွန်တီနီဂရိုးနိုင်ငံက လွတ်လပ်ရေးကြေညာသည်။ ဆားဘီးယားနိုင်ငံက ဆားဘီးယားနှင့် မွန်တီနီဂရိုးပြည်ထောင်စု၏ အရိုက်အရာကို ဆားဘီးယားက ဆက်ခံလိုက်ပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တုံ့ပြန်ကြေညာသည်။ မွန်တီနီဂရိုးနိုင်ငံသည် ကုလသမဂ္ဂ၏ ၁၉၂နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်။

ရွေးချယ်တင်မြှောက်

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလတွင် ဂျူကာနိုဗစ်သည် ဝန်ကြီးချုပ်တာဝန်ကို ပဉ္စမအကြိမ်အဖြစ် ပြန်ယူသည်။ ထိုနှစ်မတ်လတွင် တာဝန်ထမ်းဆောင်ဆဲ သမ္မတဖိလစ်ဗူဂျာနိုဗစ်အား သမ္မတအဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်သည်။

၂၀၀၈ခုနှစ် နိုဝင်ဘာလတွင် ကိုဆိုဗိုလွတ်လပ်ရေးကို မွန်တီနီဂရိုးနိုင်ငံက အသိအမှတ်ပြုလိုက်ခြင်းအားဖြင့် ဆားဘီးယားနိုင်ငံက ကန့်ကွက်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဆားဘီးယားနှင့် မွန်တီနီဂရိုး ပြည်ထောင်စုမှ မွန်တီနီဂရိုးနိုင်ငံ ခွဲထွက်လိုက်ခြင်းဖြစ်၊ ဆားဘီးယားနှင့် မွန်တီနီဂရိုး ပြည်ထောင်စုသည်ပင်လျှင် ယခင်ယူဂိုဆလားဗီးယား ပြည်ထောင်စု၏ နောက်ဆုံးကျန်သည့် ပြည်ထောင်စုအဖြစ် သုံးနှစ်ကြာ ရပ်တည်ပြီးနောက် မွန်တီနီဂရိုးနိုင်ငံက ယင်းသို့ ခွဲထွက်လိုက်ခြင်းဖြစ်။

ဘဝဒဿန

- ***There is no such thing as a 'self-made' man. We are made up of thousands of others. Everyone who has ever done a kind deed for us, or spoken one word of encouragement to us, has entered into the make-up of our character and of our thoughts, as well as our success.***
- *ကိုယ်ဒူးကိုယ်ချွန်သမားကဲ့သို့ ကြီးကျယ်သောအရာ မရှိချေ။ ကျွန်ုပ်တို့သည် ထောင်ချီသည့် အခြားသောသူများနှင့် အင်အားဖြည့်တင်းကြရသည်။ ကျွန်ုပ်တို့အတွက် ကြင်နာသောအပြုအမူကို အမြဲပြုမူပေးခဲ့သူ (သို့မဟုတ်) အားပေးစကားတစ်ခွန်းကို အမြဲပြောကြားပေးခဲ့သူသည် ကျွန်ုပ်တို့၏ စာရိတ္တ၊ အတွေးအခေါ်နှင့် အောင်မြင်မှုများကို ဝင်ရောက်တည်ဆောက်ပေးသူမည်ပေသည်။*

ဂျော့မက်သရူးအဒမ်စ် (အင်္ဂလိပ်လူမျိုး အတွေးအခေါ်ပညာရှင်)

ဘဝအမောပြေ

သိချင်လို့ပါ....

အိမ်ထောင်သက်တမ်း ၁၅ နှစ်ခန့် ရလာပြီဖြစ်သော ဇနီးမောင်နှံနှစ်ဦး စကားပြောလျက်ရှိရာ ခင်ပွန်းဖြစ်သူက တစ်စုံတစ်ခုကို သေသေချာချာ ဖတ်ကြည့်နေသဖြင့် ဇနီးဖြစ်သူက မေးလေသည်။

ဇနီး ။ ။ ဘာကိုဖတ်နေတာလဲ။
ခင်ပွန်း ။ ။ ဒို့ရဲ့ လက်ထပ်စာချုပ်ပါ။
ဇနီး ။ ။ ဘာတွေများ အခုမှ အထူးအဆန်းလုပ်ပြီး ဖတ်ကြည့်နေတာလဲ။
ခင်ပွန်း ။ ။ သိချင်လို့ပါကွာ။
ဇနီး ။ ။ ဘာများ သိချင်နေတာလဲ။
ခင်ပွန်း ။ ။ ဩော်.... ငါတော်တော်မိုက်မဲခဲ့တဲ့နှစ် ဘယ်လောက်ကြာပြီလဲလို့ သိချင်လို့ပါ။
ဇနီး ။ ။ **'ဘာပြောတယ်'**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင် တင်မာဝင်းနှင့် အေးသန္တာသိန်း

ဝင်းချယ်ရီကုမ္ပဏီလီမိတက်
အမှတ်(235)အလယ်ရွှေဂုံတိုင်လမ်းဗဟန်းမြို့နယ်ရန်ကုန်မြို့ ... (Fax)
အမှတ်(35/A)ကျိုက်ဝိုင်းဘုရားလမ်းမရမ်းကုန်းမြို့နယ် - ...

ဝင်းတာယာနှင့် ဘက်ထရီရောင်းဝယ်ရေး မှ
Battery များကိုဝယ်ယူအားပေးကြသော မိတ်ဆွေများကို ...
၂၀၀၉ ခုနှစ်အတွင်း ...
T&T- A-1- XCL-0 K&Q- Nino- New Star- KM- SKY- Ever Top-

တောင်ငူမြို့နယ် မဟင်ကျေးရွာ ပညာ့ဘဏ် စာကြည့်တိုက်ဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၂၀

တောင်ငူမြို့နယ် မဟင်ကျေးရွာ ပညာ့ဘဏ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၁၂ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမော်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးမျိုးထွန်း၊ရပ်ကွက်ဥက္ကဋ္ဌဦးညိုဝင်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် ပဲခူးတိုင်း (အရှေ့ပိုင်း) လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရှင်းလင်းပြောကြားပြီး ပညာ့ဘဏ်စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးလင်းက သုတ ရသစာအုပ်မျိုးစုံ အုပ်၁၅၀၊ ကျေးရွာအလှူရှင်များက စာအုပ်စာစောင် ၂၅၀၊ ဦးညိုဝင်း မိသားစုက ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် ငွေကျပ် ၄၈၀၀ကို စာကြည့်တိုက်ကော်မတီသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အကုန်အကျခံ

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို ငွေကျပ် ခြောက်သိန်းဖြင့် အကုန်အကျခံဆောက်လုပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ဆင်ဘိုမြို့၌ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေး

ဆင်ဘို ဖေဖော်ဝါရီ ၂၀

(၂၀၀၉)အမျိုးသား ကာကွယ်ဆေးတိုက်နေ့များအဖြစ် အသက်ငါးနှစ်အောက်ကလေးငယ်များအား ဒုတိယအကြိမ် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီ၇ရက်က ဆင်ဘိုမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးရွာအုပ်စု ၁၂အုပ်စုတို့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုး သက်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဆေးတိုက် စုရပ်နေရာများတွင် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အင်းဓဝယ်-သံကြိုးတန်းလမ်း မြေသားလမ်းဖောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၄ရက်က တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးဌေးဝင်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်ပေးမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် ကြပ်မတ်ပေးစဉ်။ (မြို့နယ်စည်ပင်)

စည်းကမ်းနှင့်မညီသော ယာဉ်များအား ပဲခူးမြို့နယ်တွင် စစ်ဆေးအရေးယူ

ပဲခူး ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးသောင်းလွင်ဦးဆောင်၍ ပဲခူးမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ပဲခူးတိုင်းပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ပဲခူးမြို့မော်တော်ယာဉ်ထိန်းသိမ်းရေး လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီတို့ ကြီးကြပ်၍ မော်တော်ယာဉ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ မောင်းနှင်မှု ရှိမရှိ ရှောင်တခင်စစ်ဆေးခြင်းကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၁၀ နာရီက ပဲခူးမြို့ ကျွန်းသာယာရပ်ကွက်၊ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမပေါ်၌ ဆောင်ရွက်သည်။ **(အောက်ပုံ)**

ထိုသို့စစ်ဆေးပြီးနောက် ကြံ့ခိုင်မှုမရှိသော ခရီးသည်တင်ယာဉ်များနှင့် စည်းကမ်းနှင့် မညီညွတ်သော ယာဉ်များအားပညာပေး အရေးယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်မတော်တဆမှု ပပျောက်ရေး ရှောင်တခင်စစ်ဆေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)မှ ခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန စစ်ကိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးမြသန်း၊ စစ်ကိုင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်မှူး ဒုတိယရဲမှူးသန်းဝင်းနှင့် စစ်ကိုင်းမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီတို့ ပူးပေါင်း၍ ဇန်နဝါရီ ၃၀ရက်က စစ်ကိုင်းမြို့အဝင် မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ မုံရွာ အဝေးပြေးလမ်းမပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်များနှင့် ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျ ထိန်းသိမ်းမောင်းနှင်ခြင်း ရှိမရှိ ရှောင်တခင်စစ်ဆေး ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အောင်လံမြို့နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စမ်းချောင်းရပ်ကွက် ကမ်းနားလမ်း ရေစက်ရုံမှတစ်ဆင့် ၁၈လမ်း ရေစုကန်သို့ ရေများ တွန်းတင်ပြီး ယင်းမှတစ်ဆင့် ရေဖြန့်ဝေပေးနေမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုံးရင်ဆည်ရေရလို့ တောင်သူလယ်သမားများ နှစ်ပေါင်းစပါး တပျော်တပါး စိုက်ပျိုးနေကြပြီ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် မုံးရင်ကျေးရွာ၏ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာ နမ့်ဆွမ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော မုံးရင်ရေလှောင်တမံကြီး ရေသိုလှောင်ထားမှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - ထိန်လင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

လားရှိုး ဖေဖော်ဝါရီ ၂၇ (ဖက်စ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ဒေသသည် ယခင်ကာလက လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်း၊ ချောင်ကျသည့်ဒေသဖြစ်ပြီး သောင်းကျန်းသူတို့ ကြီးစိုးရာဒေသဖြစ်ခဲ့သည်။

ဖွင့်လှစ်ပေးခဲ့

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေးရယူနိုင်ခဲ့ပြီး နိုင်ငံတစ်ဝန်း ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် နိုင်ငံတစ်ဝန်း လမ်းတံတားများ လက်ယှက်ထိုးတည်ဆောက်ပေးခဲ့ပြီး ရေလိုသောဒေသများတွင်လည်း ဆည်မြောင်းတာတမံများ တည်ဆောက်ပေးလျက်ရှိရာ မကြာမီက ဖွင့်လှစ်ခဲ့သော ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်က ဇီးချောင်းရေလှောင်တမံအပါအဝင် ဆည်၊ တမံပေါင်း ၂၁၉ ခု တည်ဆောက်ဖွင့်လှစ် ပေးခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ✻

တွေ့မရှောင်နှင့် ဝင်းထွန်းတို့၏ ဒူးချင်းအားပြိုင်မှုကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ခမ်းနားဆန်းပြားသော အစီအစဉ်များဖြင့် ကျင်းပသည့် ဒဂုံရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ

တွေ့မရှောင်က ဝင်းထွန်းကို အလဲထိုး
ရန်ကြီးအောင်က ရွှေဆိုင်းကို အမှတ်ဖြင့်အနိုင်ယူ

ရိုးရာလက်ဝှေ့မြင်ကွင်း - ဇင်လင်းထွန်း(ခနေဖြူ)
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)နှင့် ဖိုးသော်ဇင်
စာမျက်နှာဖွဲ့စည်းမှု - မင်းထွန်း (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အားကစားဝန်ကြီးဌာန မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Dagon Brewery Co., Ltd. ၏ အဓိကပံ့ပိုးမှု၊ Myanmar Media Group ၏ Idea နှင့် Media ပိုင်းဆိုင်ရာများ၏ ကူညီမှုတို့ဖြင့် H&S Group မှ ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို)က တာဝန်ယူစီစဉ်သည့်

စာမျက်နှာ ၁၁ ကော်လံ ၁ ■

အစိုးရနည်းပညာတက္ကသိုလ်(မိတ္ထီလာ) ပင်မသုံးထပ်ဆောင်သစ်ကြီး

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း
ကိုတင်လှိုင် (မိတ္ထီလာ)
စာမျက်နှာဖွဲ့စည်းမှု
ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၂၈

အစိုးရနည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ ပင်မသုံးထပ်ဆောင်သစ်ကြီးမှာ ယခုအခါ ဆောက်လုပ်ပြီးစီးနေပြီဖြစ်၍ ကျောင်းသူကျောင်းသားများ ပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားနေကြပြီဖြစ်သည်။ **(အပေါ်ပုံ)**

သင်ကြားနိုင်

အစိုးရနည်းပညာတက္ကသိုလ်(မိတ္ထီလာ)၏ တည်နေရာမှာ မိတ္ထီလာမြို့ မြင်းခြံလမ်းအထွက် ဝက်ကြီးဆည်မြောင်းဝင်း၏ အရှေ့ဘက်၊ ရန်မျိုးအောင်ရပ်ကွက်၏မြောက်ဘက်နှင့် လျှော်ဖြူကန်ကျေးရွာ၏တောင်ဘက်တွင် တည်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၄ ●